ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ သောကြာနေ့၊ (19-12-2008) (၅၈၉၇)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုဂံညောင်ဦး၌ ဘုရားများ ဖူးမြော်ကြည်ညို

နေပြည်တော်　　ဒီဇင်ဘာ　　၁၈

**မန္တလေးတိုင်း ပုဂံညောင်ဦး၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် ပုဂံညောင်ဦး၌ ဘုရားများအား ဖူးမြော်ကြည်ညိုသည်။**

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လောကနန္ဒာစွယ်တော်ဘုရားသို့ ရောက်ရှိကြပြီး ဘုရားအား ပန်း၊ ရေချမ်းနှင့် ဆီမီးများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လောကနန္ဒာ စွယ်တော်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး ဘုရားအား လက်ယာရစ်လှည့်လည် ကြည်ညိုသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လောကနန္ဒာ စေတီတော်ကြီးအား ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် လုပ်ကိုင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လောကနန္ဒာစေတီတော်ကြီးအား ဧရာဝတီမြစ်ရေ တိုက်စားမှုမှ ကာကွယ်ရန်အတွက် လုပ်ကိုင်ဆောင်ရွက်နေမှု များကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



## ဖူးမြော်ကြည်ညို

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံ စေတီတော်သို့ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်အရှေ့ဘက်မုခ်ရှိ ကကုသန် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

## သုတေသနပြတိုက်

ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းသုတေသန ပြတိုက်သို့

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ကြေးမုံ
The Mirror
၁၉-၁၂-၂၀၀၈
(သောကြာနေ့)

## အမျိုးသားပညာရည် မြင့်မားရေးကြိုးပမ်း စွမ်းဆောင် နိုင်ငံ့သားကောင်း လူရည်မွန်များ ပြုစုပျိုးထောင်

အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းနှင့်လုပ်ငန်းစဉ်များသည် နိုင်ငံ၏ ရေရှည်အကျိုးအတွက် တစိုက်မတ်မတ် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ အခွင့်အလမ်းများ၊ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဖော်ဆောင်၍ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိသည်။

ယင်းသို့ မျှော်မှန်းဖော်ဆောင်နေသည့် ပညာရေးစီမံကိန်း၏ လုပ်ငန်းစဉ်များတွင် အခြေခံပညာကဏ္ဍ၌ နိုင်ငံသားတိုင်း အခြေခံပညာသင်ယူမှုပြီးမြောက်ရေးသည် တစ်ခုအပါအဝင်ဖြစ်သည်။ ရည်မှန်းချက်များ အောင်မြင်စေရန် ကျောင်းနေအရွယ် ကလေးတိုင်းပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းနေသည့် ကလေးတိုင်း ကျောင်းနေမြဲရေး၊ အခြေခံပညာအဆင့်အလိုက် ကူးပြောင်းသင်ယူနှုန်းမြင့်မားရေးလုပ်ငန်းများကို မိဘပြည်သူများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပညာရေးကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်သစ်ကို တည်ဆောက်နေသည့် မျက်မှောက်ကာလတွင် အခြေခံ ဆရာ၊ ဆရာမများ၏ အရည်အသွေး၊ ဝါသနာ၊ စေတနာနှင့် ဝီရိယစိုက်ထုတ်မှုသည် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းစေရေးတွင် အဓိက အထောက်အကူပြုနေသည်။ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်များအား စာပေပညာသက်သက်သာမက ဗလငါးတန်နှင့် ပြည့်စုံစေရေး သွန်သင်ဆုံးမပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ယနေ့နိုင်ငံတကာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုစွမ်းအား၊ စီးပွားဥစ္စာဓနအင်အား၊ နည်းပညာစွမ်းအားတို့ကို ခိုင်မာစွာတည်ဆောက်နေကြသည်။ ယင်းသို့သော အချိန်အခါတွင် တပည့်လူငယ် လူရွယ်များ၏ ပင်ကိုစွမ်းရည်ကို ဖော်ထုတ်ပေးပြီး ပြောင်းလဲတိုးတက်နေသော ခေတ်နှင့်လျော်ညီသည့် နည်းပညာနှင့် ကျွမ်းကျင်မှုများအပြင် အတွေးအခေါ်၊ အသိအမြင်၊ ဗဟုသုတများပြည့်စုံစေရေး စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်သည်။

ထို့အပြင် တပည့် ကျောင်းသား၊ ကျောင်းသူများအား စာသင်ခန်းအတွင်းတွင် ထူးချွန်ထက်မြက်ရုံသာမက ကျောင်းတွင်းကျောင်းပြင်၌ အများအကျိုး၊ ရပ်ရွာအကျိုးသယ်ပိုးထမ်းရွက်လိုသည့် လူငယ်လူရွယ်များ၊ စာရိတ္တပညာကောင်းမွန်သည့် လူငယ်များ ဖြစ်လာစေရေး ပြုစုပျိုးထောင် ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ဆရာ၊ ဆရာမများအားလုံးက အမျိုးသား ပညာရည်မြင့်မားရေး ရည်မှန်းချက်နှင့်အညီ မျိုးဆက်သစ်လူငယ်များအား ဘက်စုံကဏ္ဍစုံက လေ့ကျင့်ပြုစု ပျိုးထောင်ပေးခြင်းဖြင့် ပညာပြည့်ဝနှလုံးလှသည့် နိုင်ငံ့သားကောင်း လူရည်မွန်များ ပိုမိုဖြစ်ထွန်းပေါ်ထွက်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား
- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




## တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပေါင်းလောင်းရေလှောင်တမံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဒီဇင်ဘာ ၁၇ရက် နံနက် ၉နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလှောင်တမံ၏ ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ကူးတို့ဆိပ်ကျေးရွာ ပြောင်းရွှေ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလှောင်တမံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ရေလှောင်တမံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

**နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

## ဝန်ကြီး ဦးညဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၈

**အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။**

ဝန်ကြီး ဦးညဏ်ဝင်းသည် ဒီဇင်ဘာ ၁၄ ရက် ညပိုင်းတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလုပ်သဘောညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်မည့်ရက် သတ်မှတ်ရေးကိစ္စနှင့် အခြားကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်း အဝေးများကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပရန် သဘောတူခဲ့ကြသည်။

### ဖိတ်ကြား

အာဆီယံပဋိညာဉ်စာတမ်း စတင် အသက်ဝင်သော အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ဂျကာတာမြို့ရှိ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနို၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီး များ၊ ဒုတိယဝန်ကြီးများခေါင်းဆောင် သော ကိုယ်စားလှယ်အဖွဲ့များ၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝန်နှင့် ဖိတ်ကြားထား သောဧည့်သည်တော်များတက်ရောက် ခဲ့ကြသည်။

ယင်းနောက် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အထူးအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ (၁၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်း အဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပ ရေးကိစ္စနှင့် စပ်လျဉ်းပြီး ဆွေးနွေးကြ သည်။ ထို့အပြင် အာဆီယံနိုင်ငံရေး နှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ၊ အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီနှင့် အာဆီယံလူမှု-ယဉ်ကျေး မှု အသိုက်အဝန်းကောင်စီဖွဲ့စည်းရေး ကိစ္စ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး တိုးချဲ့ဖွဲ့စည်းရေးနှင့် ဘတ်ဂျက်ကိစ္စ တို့ကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

**နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း အာဆီယံ ပဋိညာဉ်စာတမ်း စတင်အသက် ဝင်သော အထိမ်းအမှတ် အခမ်း အနားသို့ တက်ရောက်လာကြ သော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်းယူဒိုရိုနိုနှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**
(နိုင်ငံခြားရေး)




## အလုံမြို့နယ်တွင် နယ်လှည့်စာကြည့်တိုက်နှင့်အတူ စာကြည့်တိုက် ရေရှည်တည်တံ့ရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်အတူ စာကြည့်တိုက် ရေရှည်တည်တံ့ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၇ ရက်က ကရင်ခြံရပ်ကွက် စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မမက စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် ကွင်းဆင်း ဆောင်ရွက်ရခြင်းနှင့် ခိုင်မာသည့် စာကြည့်တိုက်ဖြစ်မြောက်ရေး ကြိုးပမ်းသွားကြရန် အမှာစကားပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းကျော်စိန် **(အောက်ပုံ)** က ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်တင်ပြကာ ကျေးဇူးတင်စကား ပြောကြားသည်။ (မြို့နယ်ပြန်/ဆက်)



## သံတွဲခရိုင်အသင်း မိတ်ဆုံစားပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သံတွဲခရိုင်အသင်း (ဂွ-တောင်ကုတ်-သံတွဲ) မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ကန်တော်မင်္ဂလာပန်းခြံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများနှင့် အသင်းမဝင်ရသေးသည့် ခရိုင်သူ၊ ခရိုင်သားများအားလုံး ကြွရောက်ပါရန်နှင့် မိတ်ဆုံစားပွဲသို့ကြွရောက်လာသူများအား ရခိုင်မုန့်တီ၊ ဒေသထမင်းဟင်းလျာတို့ဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၈

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စစ်ကိုင်းတိုင်း ပုလဲမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒီဇင်ဘာ ၁၅ရက် မွန်းလွဲပိုင်းတွင် ပုလဲမြို့နယ် နွယ်ရှောက်ကျေးရွာသို့ရောက်ရှိပြီး နွယ်ရှောက်ကျေးရွာ၊ ကျွန်းဖိုကုန်းကျေးရွာနှင့် ကံပေါက်ကျေးရွာ သုံးရွာတို့မှ ဒေသခံပြည်သူ ၁၇၀၀ကျော်နှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နွယ်ရှောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ကိုယ်ပိုင်အဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များနှင့် မီးဖိုချောင်သုံးပစ္စည်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက လှူဒါန်းသော စာအုပ်၊ မြို့နယ် ရွာထင်ကျေးရွာသို့ ရောက်ရှိပြီး ရွာထင်ကျေးရွာ၊ ရွှေလောင်းကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ ကြိုးကြာဥကျေးရွာ၊ ရွာသာကျေးရွာနှင့် လိမ်ကုန်းကျေးရွာ ကျေးရွာခြောက်ရွာတို့မှ ဒေသခံ ပြည်သူ ၁၁၀၀ ကျော်နှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ကျေးလက်မီးလင်းရေး၊ ကျေးလက်လမ်း ဆက်သွယ်ဖောက်လုပ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ရွာထင်ကျေးရွာ ဆေးပေးခန်းအတွက် ငွေကျပ် နှစ်သိန်း၊ ကြိုးကြာဥကျေးရွာ စာကြည့်တိုက်အဆောက်အအုံအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ဒေသခံ



## ပေးအပ်လှူဒါန်း

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နွယ်ရှောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ကိုယ်ပိုင်အဆောက်အအုံအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



## ကြည့်ရှုစစ်ဆေး

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ရွာထင်ကျေးရွာရှိ ထင်ကမ္ဘာ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



စာစောင်များကို နွယ်ရှောက်ကျေးရွာ စာကြည့်တိုက်၊ ကံပေါက်ကျေးရွာ စာကြည့်တိုက်များအတွက်လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဒေသခံတာဝန်ရှိသူများက လက်ခံရယူကြပြီး ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးသည် နွယ်ရှောက်ကျေးရွာ၊ နွယ်သစ်မွန်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ကြည့်ရှုပြီး စာကြည့်တိုက် မြေနေရာ၌ အခိုင်အမာ စာကြည့်တိုက် တည်ဆောက်ရေးအတွက် ဆွေးနွေးမှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပုလဲ ပြည်သူများအတွက် အဝတ်အထည်များနှင့် မီးဖိုချောင်သုံး ပစ္စည်းများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက လှူဒါန်းသော စာအုပ်၊ စာစောင်များကို ရွာထင်ကျေးရွာ စာကြည့်တိုက်၊ ကြိုးကြာဥကျေးရွာ စာကြည့်တိုက်များ အတွက်လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဒေသခံတာဝန်ရှိသူများက လက်ခံရယူကြပြီး ဝန်ကြီးသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးသည် ပုလဲမြို့နယ် ရွာထင်ကျေးရွာရှိ ထင်ကမ္ဘာ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်၍ အခိုင်အမာ အဆောက်အအုံ တည်ဆောက်ထားရှိမှု၊ စာအုပ်စာစောင်များ မတည်ထားမှု၊ စာအုပ်စာစောင်အသစ်များ တိုးပွားရေးအတွက် စာငှားစနစ်ဖြင့် စာအုပ်ငှားရမ်းဖတ်ရှုမှု အခြေအနေများကို ကြည့်ရှုပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများအတိုင်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ ရန်ကုန် အမှတ်(၁) စီးကရက်စက်ရုံမှ စက်ရုံမှူး ဦးဝင်းမြင့်အား ယင်းဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

## ဂုဏ်တင် ဦးခိုက်လိုက်ပါသည်

❁ နတ်တော်နှင်းဆမ်း၊ ငြိမ်းအေးချမ်းပေ
ပေဟမန္တဆောင်း၊ သာမှုပေါင်းခ
နေ့ရောညပါ၊ ဒို့ပြည်သာဝယ်
စာပေသဘင်၊ ဆင်ယင်ကျင်းပ
နလုံးလှရာ၊ အလိမ္မာအတိ
စာမှာရှိ၍၊ ပြည့်အလှပန်း
လန်းဆန်းစေသော်၊ လနတ်တော်တည်း။

❁ ဘိုးဘေးစဉ်ဆက်၊ ပေထက်ကညစ်တင်
စာစုံလင်ရေး၊ ဟိုရှေးကဝိ
လွမ်းမိအထူး၊ သူ့ကျေးဇူးကို
ရိုသေသမှု၊ ဂါရဝပြုချင်
ရတုရကန်၊ အဲအန်လူးတား
မော်ကွန်းများပါ၊ မေတ္တာစာညှပ်
တေးထပ်ဒုံးချင်း၊ တျာချင်းသံချို
လိုသည်မကျန်၊ သံပေါက်ဒွေးချိုး
လေးချိုးထွေထွေ၊ စာပဒေသာ
ဝေဆာရေးကြ၊ ရှေးကစာဆို
ကြည်ညိုညွတ်တွား၊ အားကျမမေ့
ယနေ့ခေတ်တွင်၊ ကလောင်ရှင်တို့
မချို့ဂုဏ်လိုင်၊ နိုင်ငံတော်က
ချီးပမြှောက်စား၊ မျက်ဝါးထင်ထင်
တွေ့မြင်ရသော်၊ ရှေးမော်ကဝိ
ရှိခဲ့အထူး၊ စာကျေးဇူးကို
ညွတ်နူးကော်ရော်၊ ကျွန်ုပ်ဖော်ကာ
ဆယ်ဖြာလက်မုံ၊ ကြာပဒုံဖြင့်
ဂုဏ်တင် ဦးခိုက်လိုက်ပါသတည်း။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

## ရန်ကုန်တပ်ကလပ်ကျောင်း (ယခု အထက-၃၊ တာမွေ)

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တပ်ကလပ် အခလွတ်တန်းမြင့်ကျောင်း(ယခု အထက-၃၊ တာမွေ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ်(၃၀)မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)တွင် အထက(၃) တာမွေ အားမာန်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ယင်းနေ့နံနက် ၁၀ နာရီတွင် ကွယ်လွန်သူ ဆရာကြီး၊ ဆရာမကြီးများအား ရည်စူးအမျှပေးဝေပြီး မွန်းတည့် ၁၂ နာရီတွင် ကျောင်းအုပ်ဆရာကြီး ဦးဘကျော်အား အမှူးထား၍ ဆရာကြီး၊ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည် ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဦးတင်မောင်လှ ဖုန်း-၆၆၃၀၇၈၊ ဦးစိုးနိုင် ဖုန်း-၅၄၃၇၃၁၊ ဦးလှတင် ဖုန်း-၂၄၇၅၆၂၊ ဒေါ်စမ်းစမ်းယဉ် ဖုန်း-၅၄၁၇၀၃၊ ဦးတင်အေး-ဒေါ်ကြင်လှ ဖုန်း-၅၄၆၆၄၂နှင့် ဒေါက်တာစိုးမိုး ဖုန်း- ၀၉၂၁၃၂၅၂၆ တို့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

## အေးချမ်းခေတ်မီ မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲကို “အေးချမ်းခေတ်မီ မြန်မာပြည်”ဟူသော ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများရွေးချယ်သတ်မှတ်ခဲ့ပြီး ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဂုဏ်ပြုဆုပေးပွဲကို ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်း-၃၇၁၃၄၂ သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

## နိုင်ငံတကာသတင်းမှတ်စု

### ဗီယက်နမ်၌ ချည်မျှင်တု သွင်းကုန်ခွန် ကင်းလွတ်ခွင့်ပြု

အဝတ်အထည်နှင့် အထည်အလိပ်စက်ရုံတို့တွင် ကုန်ကြမ်းအဖြစ် အသုံးပြုသော ချည်မျှင်တုများနှင့် ပတ်သက်၍ သွင်းကုန်အပေါ် စည်းကြပ်ကောက်ခံသည့်အခွန်ကို သုံးရာခိုင်နှုန်းကောက်ခံရာမှ သုညရာခိုင်နှုန်းသို့ လျှော့ချရန် ဗီယက်နမ်အစိုးရက ဆုံးဖြတ်ခဲ့ကြောင်း ပြည်တွင်းသတင်းစာတစ်စောင်က ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်နှင့် အထည်အလိပ်စက်ရုံများအတွက် ချည်မျှင်တု တင်သွင်းရန် တစ်နှစ်လျှင် တန် ၂၅၀၀၀၀ လိုအပ်ကြောင်း သိရသည်။

### နစ်ဆန်း ပြည်တွင်းကားထုတ်လုပ်မှု လျှော့ချ

ဂျပန်နိုင်ငံ၏ တတိယအကြီးဆုံး မော်တော်ကားထုတ်လုပ်သူ နစ်ဆန်းမော်တော်ယာဉ်ကုမ္ပဏီသည် ၂၀၀၈ခု ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းကားထုတ်လုပ်မှုကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှစ၍ ကားစီးရေ ၇၈၀၀၀ ခန့် ထပ်မံလျှော့ချသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ပြည်တွင်းဈေးကွက်၌ စတုတ္ထအကြိမ်မြောက် လျှော့ချမှုပြုလုပ်ခြင်းဖြစ်ကြောင်း ကုမ္ပဏီသတင်းက ဖော်ပြသည်။

ယင်းကုမ္ပဏီသည် ပြည်တွင်းထုတ်လုပ်သည့် မော်တော်ယာဉ်စီးရေ စုစုပေါင်း ၂၂၅၀၀၀ ခန့်အား လျှော့ချနေကြောင်း သိရသည်။

### ပါကစ္စတန်နှင့် အိုမန်ရေတပ်တို့ ပူးပေါင်းလေ့ကျင့်

အာရေဗျပင်လယ်ပြင်မြောက်ဘက်တွင် ပါကစ္စတန်နှင့် အိုမန်နိုင်ငံတို့ ပူးပေါင်းကာ ခြောက်ရက်ကြာ ရေတပ်စစ်ရေးလေ့ကျင့်မှု ပြုလုပ်နေကြောင်း၊ အဆိုပါစစ်ရေးလေ့ကျင့်မှုသည် ဒီဇင်ဘာ ၂၀ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း ပါကစ္စတန်ရေတပ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

### တူရကီစစ်လေယာဉ်များ ပီကေကေသူပုန်များအား တိုက်ခိုက်

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာဒစ်အလုပ်သမားပါတီ (ပီကေကေ) သူပုန်များကို ပစ်မှတ်ထားပြီး တူရကီစစ်လေယာဉ်များက ဒီဇင်ဘာ ၁၇ ရက်တွင် လေကြောင်းမှတိုက်ခိုက်မှုများ နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။ သို့သော် သေကျေဒဏ်ရာရရှိမှုများကို ဖော်ပြခြင်းမရှိကြောင်း သိရသည်။

### အင်ဒိုနီးရှားဆွဲသင်္ဘော ပြန်ပေးဆွဲခံရ

ယီမင်ပင်လယ်ပြင်တွင် ပြင်သစ်နိုင်ငံအခြေစိုက် တိုတယ်ရေနံကုမ္ပဏီက ငှားရမ်းထားသည့် တူရကီနိုင်ငံပိုင် ကုန်တင်သင်္ဘောတစ်စင်းနှင့် အင်ဒိုနီးရှားနိုင်ငံပိုင် ဆွဲသင်္ဘောတစ်စင်းတို့အား ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ထုတ် ဂျာကာတာပို့စ်သတင်းစာက ရေးသားဖော်ပြသည်။ သင်္ဘောသားအားလုံးကို ပင်လယ်ဓားပြများက ထိန်းသိမ်းထားကြောင်းသိရသည်။

### ဖိလစ်ပိုင်၌ ကုန်တင်သင်္ဘော နစ်မြုပ်

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်မှုကြောင့် သင်္ဘောသား တစ်ဦးထက်မနည်း သေဆုံးကြောင်း၊ ပျောက်ဆုံးနေသူများကို ကမ်းခြေစောင့်သင်္ဘောများဖြင့် ရှာဖွေလျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက ဘိလပ်မြေအိတ် ၂၂၀၀၀ တင်ဆောင်လာသည့် လော့ဒတ်အမည်ရှိ ကုန်တင်သင်္ဘော နစ်မြုပ်မှုဖြစ်ပွားရာ ၁၉ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

### အစ္စရေး၌ ရှရှားခရီးသည် ၂၄ ဦး သေဆုံး

ရုရှားခရီးသည်များ တင်ဆောင်လာသည့် အစ္စရေးဘတ်စ်ကားတစ်စီးသည် ဒီဇင်ဘာ ၁၆ ရက်က သဲကန္တာရလမ်းတစ်ခုတွင် လမ်းချော်ပြီး လျှိုတစ်ခုအတွင်းသို့ ထိုးကျမှုဖြစ်ပွားရာ ၂၄ ဦးထက်မနည်း သေဆုံးပြီး တစ်ဒါဇင်ခန့် ဒဏ်ရာပြင်းထန်စွာ ရရှိသည်။

အစ္စရေးနိုင်ငံ၏ ယာဉ်မတော်တဆမှုများတွင် ယခုအဖြစ်အပျက်သည် အဆိုးရွားဆုံးဖြစ်သည်။ အစ္စရေး ပင်လယ်နီကမ်းခြေ အပန်းဖြေစခန်းဖြစ်သည့် အီလတ်မြို့ မြောက်ဘက်သဲကန္တာရတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**စုစည်းဘာသာပြန်ဆိုသူ-စိုးစိုးနိုင်**



**အီရတ်နိုင်ငံအတွင်း ဆူပူတိုက်ခိုက်မှုများကြောင့် ဒုက္ခရောက်နေရှာသော အမျိုးသမီးတစ်စုအား တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အမေရိကန်ဦးဆောင်သော စစ်ဆင်ရေးကြောင့် အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် အရပ်သားသုံးဦး သေဆုံး

**ကဘူး ဒီဇင်ဘာ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်ပြည်နယ်တွင် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ စစ်ဆင်ရေး ပြုလုပ်ရာ အမျိုးသမီးတစ်ဦးအပါအဝင် အရပ်သားသုံးဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဒီဇင်ဘာ ၁၆ ရက် ညပိုင်းက ခို့စ်ပြည်နယ် မြို့တော်ဆင်ခြေဖုံးရှိ ကန်ဒီယိုကျေးရွာတွင် အာဖဂန်တပ်ဖွဲ့များနှင့် နိုင်ငံစုံတပ်ဖွဲ့များက သံသယရှိသူ ဒေါက်တာဘီလာအား ရှာဖွေဖမ်းဆီးစဉ် အရပ်သားသုံးဦး သေဆုံးရခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနသို့ ၎င်းက ပြောကြားသည်။

အဆိုပါစစ်ဆင်ရေးတွင် ဒေါက်တာဘီလာအပါအဝင် ခြောက်ဦးအား ဖမ်းဆီးခဲ့ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တာလီဘန်စစ်သွေးကြွများနှင့် နိုင်ငံစုံတပ်ဖွဲ့များက မည်သည့်ထင်မြင်သုံးသပ်ချက်မျှ ပေးခြင်းမရှိကြောင်း သိရသည်။

***အင်တာနက်။***

## သီရိလင်္ကာ၌ တိုက်ပွဲပြင်းထန် ၁၄၅ဦး သေဆုံး

**ကိုလံဘို ဒီဇင်ဘာ ၁၈**

သီရိလင်္ကာနိုင်ငံတွင် ဒီဇင်ဘာ ၁၆ ရက်က တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားရာ တမီးလ်ကျားသူပုန် ၁၂၀ နှင့် အစိုးရတပ်ဖွဲ့ဝင် ၂၅ ဦး သေဆုံးကြောင်း စစ်ဘက်သတင်းက ဖော်ပြသည်။ တမီးလ်ကျားသူပုန်များက အဆိုပါတိုက်ခိုက်မှုတွင် အစိုးရတပ်ဖွဲ့ဝင် ၄၀ သေဆုံးကြောင်း ပြောကြားသည်။ သို့သော် တမီးလ်ကျားသူပုန်များ သေကျေဒဏ်ရာရရှိမှုကိုမူ ပြောကြားခြင်းမရှိကြောင်း သိရသည်။

**သိမ်းပိုက်**

သီရိလင်္ကာတပ်ဖွဲ့များက ဂျက်ဖနာကျွန်းဆွယ်ရှိ ကီလာလီနှင့်မူဟူမာလိုင်ဒေသ သူပုန်နောက်တန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ကီလီနော့ချီဒေသ အနောက်ဘက်နှင့် အနောက်တောင်ဘက် ငါးကီလိုမီတာအထိ သိမ်းပိုက်ခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ဘဂ္ဂဒက်၌ ဗုံးနှစ်ကြိမ် ပေါက်ကွဲ ၁၈ ဦး သေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ ယာဉ်ထိန်းရဲဌာနချုပ် အပြင်ဘက်တွင် ဒီဇင်ဘာ ၁၇ရက်က ဗုံးနှစ်ကြိမ် ပေါက်ကွဲမှုဖြစ်ပွားရာ ၁၈ ဦး သေဆုံးပြီး ၅၂ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းက ဖော်ပြသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ ယာဉ်ထိန်းရဲဌာနချုပ် အပြင်ဘက်တွင် ကားဗုံးဖြင့် တိုက်ခိုက်မှု ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားများက ကြည့်ရှုစစ်ဆေးနေစဉ် မိနစ်ပိုင်းအတွင်း လမ်းဘေးဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့သည်။

ဒဏ်ရာရသူများတွင် ယာဉ်ထိန်းရဲ ရှစ်ဦးပါဝင်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ယင်းပေါက်ကွဲမှုကြောင့် အရပ်သားကားများလည်း ပျက်စီးခဲ့ရသည်။

***အင်တာနက်။***



**အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ခုခံတိုက်ခိုက်ရေးသမား တစ်စုကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အိန္ဒိယ မွမ်ဘိုင်းတိုက်ခိုက်မှုအတွင်း အကြမ်းဖက်သမားများ လုယက်မှုပါကျူးလွန်ခဲ့

**နယူးဒေလီ ဒီဇင်ဘာ ၁၈**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ဖြစ်ပွားခဲ့သည့် လူ ၁၇၉ ဦး အသက်ဆုံးရှုံးခဲ့ရသော တိုက်ခိုက်မှုတွင် အကြမ်းဖက်သမားများသည် ၎င်းတို့ဓားစာခံအဖြစ် ဖမ်းဆီးထားသော လူများထံမှ ရူပီးငွေများ၊ ဒေါ်လာငွေများအပြင် ခရက်ဒစ်ကတ်များပါ လုယူခဲ့ကြသည်ဟု ရဲတပ်ဖွဲ့သတင်းများက ဖော်ပြသည်။

အကြမ်းဖက်သမား ၁၀ ဦး ပါဝင်သည့်အနက် ကိုးဦးကို အသေရမိပြီး ကျန်တစ်ဦးကို ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***



**အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်နှင့် နေတိုးဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များကို ခုခံတိုက်ခိုက်နေသော စစ်သွေးကြွများအား တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဆိုမာလီပင်လယ်ဓားပြများ နှိမ်နင်းရန် တရုတ်ရေတပ်သင်္ဘောများ စေလွှတ်မည်

**ပေကျင်း ဒီဇင်ဘာ ၁၈**

ဆိုမာလီပင်လယ်ဓားပြများအား နှိမ်နင်းရာတွင် ကူညီရန်အတွက် ထိုနိုင်ငံပင်လယ်ပြင်သို့ ရေတပ်သင်္ဘောများ တရုတ်နိုင်ငံက စေလွှတ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ၌ ဒုတိယနိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်အား ကိုးကား၍ ဗုဒ္ဓဟူးနေ့တွင် ထုတ်ဝေသော နိုင်ငံပိုင် မီဒီယာသတင်းများက ရေးသားဖော်ပြကြသည်။

အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီကမ်းရိုးတန်း ရေပြင်များတွင် ကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်း၍ စောင့်ကြပ်ရန်အတွက် မကြာမီ တရုတ်ရေတပ်သင်္ဘောများ စေလွှတ်မည်ဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***





## သာကြီးတောင်ရေနံမြေ၌ ပေနက်တွင်းတူးစက်ဖြင့် တွင်းတူးရန် ပြင်ဆင်နေမှု ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ သာကြီးတောင်ရေနံမြေ၌ပေနက်တွင်းတူးစက်ဖြင့် တွင်းတူးရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

နေပြည်တော် ဒီဇင်ဘာ ၁၈

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပေါက်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကြီးတောင် ရေနံမြေ၌ ပြည်ပမှ မှာယူရောက်ရှိလာသော ပေနက်တွင်းတူးစက်ဖြင့် တွင်းတူးရန်ပြင်ဆင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီးအားမြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက ပေနက်တွင်းသစ်တူးရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပြည်ပမှ မှာယူရောက်ရှိလာသော ပေနက်တွင်းတူးစက်သစ်များအား ဆိုက်စမစ်တိုင်းတာချက်များအရရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာ ကောင်းမွန်သောပေနက်နေရာကောင်းများရွေးချယ်တူးဖော်ရန်ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း သာကြီးတောင် ရေနံမြေ၌ ပေနက်အစမ်းတွင်း အမှတ်(၁)ကို ပေ ၁၅၀၀၀အထိတူးဖော်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခင် မတူးဖော်ဖူးသေးသည့်ပေနက်များတွင်တူးဖော်ခြင်းဖြင့် ပြည်တွင်းစက်သုံးဆီ ဖူလုံပိုလျှံရေးအတွက် ရည်ရွယ်ထားသဖြင့် မိမိဝန်ထမ်းများအနေဖြင့်ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ပေနက်တွင်းတူးစက်များကို ပြည်ပ ပညာရှင်များနှင့်အတူတွဲဖက်ဆောင်ရွက်ရသော တွင်းတူးဝန်ထမ်းများအနေဖြင့်လုပ်ငန်းခွင်ပညာကျွမ်းကျင်အောင်လေ့ကျင့်ဆောင်ရွက်သွားကြရန်၊ ယခုပေနက်တွင်းတူးစက်သစ်အား သတ်မှတ်ထားသော ရက်အတွင်းစတင်တူးဖော်နိုင်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာကိစ္စများကို သေချာစွာ စနစ်တကျ သေချာအောင် အထူးဂရုပြု ကြိုးကြပ် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ZJ 70L SR I ပေနက်တွင်းတူးစက်ဖြင့်တွင်းတူးရန်ပြင်ဆင်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် မကွေးတိုင်းရှိ အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)သို့ ရောက်ရှိပြီး စက်ရုံနှစ်ပတ်လည်ပြင်ဆင်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးကာစက်ရုံမှူးနှင့်တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မအူပင်မြို့ အလက(၁) (ယမုံနာကျောင်း) ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မအူပင်မြို့ အလက(၁) (ယမုံနာ) အလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီတွင် ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အဝေးရောက် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အချိန်မီ သတင်းပို့ကြရန်နှင့် ဖိတ်စာမရသော်လည်း တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေ ထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးကျော် ဖုန်း-၀၄၅-၃၀၄၇၂၊ ဦးညီညီလွင် (အရှေ့ဘက်ကမ်း) ဖုန်း-၀၉၈၅၈၅၁၆၇၊ ဦးမောင်သိန်း(ခ)ဦးစီ (မန္တလေးရွှေဆိုင်) ဖုန်း-၀၄၅-၃၀၄၇၆၊ ဦးမြင့်သိန်း(ခ)ဦးနီ (မြမဥ္ဇူဆေးဆိုင်) ဖုန်း-၀၉၈၅၈၆၅၀၇၊ ဦးဝမ်ကြည် ဖုန်း-၀၉၈၅၈၅၁၅၄၊ ဦးပွေရမ်း(ခ) ဦးကျော်မျိုးထွန်း (ကျားမုန့်တိုက်) ဖုန်း-၀၄၅-၃၀၈၉၉၊ ကိုထွန်းထွန်း ဖုန်း-၀၉၈၅၈၅၄၃၈၊ ကိုညီမင်းနိုင်(ခ) သားသားလေး ဖုန်း-၀၉၅၁၇၈၁၅၅၊ ကိုဇော်လင်းဦး(ခ)ကိုကောင်ငယ် (YKKO) ဖုန်း-၀၉၅၀၀၇၀၅၂၊ မအေးအေးတင့်(ညောင်ပင်လေးဈေး) ဖုန်း-၀၁-၂၁၃၇၆တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

**ရွှေပါရမီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားနှင့်ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ရေနံချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပစဉ်။**

(သတင်းစဉ်)



## ရေနံချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ရွှေပါရမီ နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

**မကွေးတိုင်း ရေနံချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒါယကာ ဒါယိကာမများ၊ အလှူရှင်များ၊ ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်) နှင့် ရေနံချောင်းမြို့နယ်မှ စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းသော ရွှေပါရမီနှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲ အခမ်းအနားနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ကြွရောက်တော်မူပြီး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေ ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သိန်း၊ မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမင်းအေးလွင်၊ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အလှူရှင် တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် ကော်မတီဝင်များ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်ငြိမ်း၊ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းအေးလွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးမြင့်သိန်းက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ အလှူရှင် တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မကွေးတိုင်း ပညာရေးမှူး ဦးသန်းညွှန့်ထံ ပေးအပ်သည်။

ယင်းနောက် ကျောင်းအုပ်ဆရာကြီး ဦးစိန်မောင်ညိုက ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများအား ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနား အပြီးတွင် ကျောင်းဆောင်သစ် ရေစက်ချပွဲ အခမ်းအနားကို ရေနံချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ဆက်လက် ကျင်းပသည်။

ယခုဖွင့်လှစ်သည့် ကျောင်းဆောင်သစ်ကို ငွေကျပ်သိန်းပေါင်း ၁၅၆၀ ကုန်ကျခံ တည်ဆောက်ခဲ့ပြီး အလျား ပေ ၁၂၀၊ အနံ ၃၆ပေ၊ စာသင်ခန်း ရှစ်ခန်းပါရှိကြောင်း သိရသည်။

(သတင်းစဉ်)

## ဆုချီးမြှင့်

**ဗဟန်းမြို့နယ် အမှတ် (၁၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၄ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်း စတုတ္ထတန်းကျောင်းသူ မရှင်းသန့်အောင် (ခ) ဝင်းရွှေရည်သော်အား ဆုချီးမြှင့်စဉ်။**(ပညာရေး)




## ရေကြောင်းအင်ဂျင်နီယာအသင်း သင်းလုံးကျွတ်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း(MMEA)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ညစာစားပွဲကို ဒီဇင်ဘာ ၂၇ရက် (စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရေကြောင်းပညာသိပ္ပံရှေ့ရှိ Lion City Hall ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ တက်ရောက်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

## နှင်းဆီကုန်းဘိုးဘွားရိပ်သာ စာအုပ်ဈေးရောင်းပွဲ အောင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် ဒုတိယအကြိမ် စာအုပ်ဈေးရောင်းပွဲ အောင်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် အဆိုပါရိပ်သာရှိ သီရိရတနာခန်းမ၌ ကျင်းပရာ ဒုတိယအကြိမ် စာအုပ်ဈေးရောင်းပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးချစ်ဆွေ (အငြိမ်းစား)က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းတို့က စာအုပ်ဈေးရောင်းပွဲတွင် ပါဝင်ပြသရောင်းချ ကုသိုလ်ယူကြသည့် စာအုပ်ဆိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ (သတင်းစဉ်)

# ပစ်တိုင်းထောင်နိုင်ငံ၊ ပစ်တိုင်းထောင်လူမျိုးမို့ အပြုံးပျက်ဖို့မလိုပေါင်(၃)

ကျွန်တော် ရှေ့မှာပြောခဲ့သလိုပဲ ကျွန်တော်တို့အနေနဲ့ တိုက်ရိုက်ထိခိုက်မှု မရှိနိုင်ပေမယ့် အခြားကမ္ဘာ့နိုင်ငံများနည်းတူ ထိခိုက်သက်ရောက်မှုတွေတော့ အနည်းနဲ့အများ ရှိမှာပါပဲ။ အနည်းနဲ့အများ ဆိုရာမှာလည်း နည်းတဲ့ဘက်က ပိုပြီးအလေးသာပါလိမ့်မယ်။ သို့သော် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သတိဆိုတာ ပိုတယ်မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း ဒီပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့အတွက် လုပ်သင့်တာတွေ လုပ်ကြရမှာပါ။ ကျွန်တော်သိသလောက်တော့ လုပ်လည်းလုပ်နေကြပါပြီ။

စီးပွားရေးပညာရှင်တစ်ယောက် မဟုတ်သော်ငြားလည်း ကျွန်တော်မြင်မိသလောက်တော့ ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စားဝတ်နေရေးအတွက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်မြင်တာကတော့ ရပ်တည်မှုကို ပိုပြီးခိုင်မာသည်ထက် ခိုင်မာအောင် လုပ်ဖို့သင့်ပါတယ်။ အလားတူ ပြည်ပက သွင်းကုန်ကို လျှော့ချပြီး သွင်းကုန်အစားထိုးနိုင်ဖို့ ကြိုးပမ်းမှုတွေ၊ တီထွင်ထုတ်လုပ်မှုတွေ လိုအပ်ပါလိမ့်မယ်။ တစ်ဖက်ကလည်း ဖြစ်နိုင်သမျှ ပို့ကုန်တိုးမြှင့်ပြီး အဓိကကုန်သွယ်ဖက်ဖြစ်တဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ကုန်သွယ်မှုတိုးမြှင့်နိုင်အောင် ကြိုးစားဖို့ လိုပါလိမ့်မယ်။ ဒ့ါအပြင် ငွေကြေးပြဿနာများကို ကျော်လွှားနိုင်ဖို့အတွက် နိုင်ငံခြားငွေ အရအသုံးညီမျှအောင် ချိန်ဆဖို့လည်း လိုမယ်ထင်ပါတယ်။ နောက်တစ်ချက်က ပြည်ပရောက် မြန်မာအလုပ်သမားတွေ အလုပ်ဖြုတ်ခံရပြီး ကိုယ့်နိုင်ငံကို ပြန်ရောက်လာမယ့် အခြေအနေမျိုးလည်း မလွဲမသွေ ကြုံရနိုင်တဲ့အတွက် ပြည်တွင်းမှာ အလုပ်အကိုင်များ တိုးချဲ့ဖော်ဆောင်သွားနိုင်မယ်ဆိုရင် နှစ်ဦးနှစ်ဖက် အကျိုးရှိစေမှာ ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော့်ရဲ့ သာမန်လူပြိန်း အမြင်သာဖြစ်ပြီး စီးပွားရေးပညာရှင်များကြားမှာတော့ ပညာရပ်နဲ့ယှဉ်တဲ့ နည်းနာတွေ၊ လုပ်နည်းလုပ်ဟန်တွေ အများကြီးရှိနေမှာပါ။ ပြင်ပဂျာနယ်၊ မဂ္ဂဇင်းတွေမှာလည်း အတော်များများ ဆွေးနွေးရေးသားနေကြတာတွေ ဖတ်ရှုနေရပါတယ်။ ဘာပဲဖြစ်ဖြစ် ပြည်သူတွေကြားမှာ စိုးရိမ်မှုတွေတော့ အနည်းနဲ့အများ ရှိနေမှာပါပဲ။ တချို့ကလည်း ကားဈေးကျပြီ၊ စပါးဈေးကျပြီ၊ ပဲဈေးကျပြီဆိုပြီး ခြောက်လုံးလှန့်လုံးတွေနဲ့ ပြည်သူတွေအကြား ထင်ယောင်ထင်မှားဖြစ်အောင် ပြောနေဆိုနေ၊ ထုတ်လွှင့်နေကြတာတွေ ကြားနေရပါတယ်။ ပြည်ပအသံလွှင့်ဌာနတွေအနေနဲ့လည်း စပါးဈေးကျ၊ ပဲဈေးကျတာကို အခြေခံပြီး တောင်သူလယ်သမားတွေ ဒုက္ခရောက်နေပြီ။ မြန်မာပြည်မှာ စီးပွားပျက်ကပ်ရောက်လာပြီဆိုတဲ့ မဟုတ်မဟတ် လုပ်ဇာတ် အသံလွှင့်ချက်တွေလွှင့်ပြီး ပြည်သူရဲ့စိုးရိမ်မှုကို မီးလောင်ရာလေပင့်လုပ်နေတာတွေလည်း မကြားချင်မှအဆုံးပါဘဲ။ ဒီကိစ္စတွေကို ကျွန်တော်သိသလောက် ရှင်းပြပါ့မယ်။

**ပြောရရင် ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့နိုင်ငံပါ။ ၂၀၀၇ ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှုကိုကြည့်ရင် ပြည်တွင်းလိုအပ်ချက်ရဲ့ ၁၄၆ ရာခိုင်နှုန်းဝန်းကျင် ထုတ်လုပ်နိုင်ခဲ့ပြီး အခု ၂၀၀၈ ခုနှစ်မှာတော့ ရာခိုင်နှုန်း ၁၅၀ ကျော် ထုတ်လုပ်ဖို့ လျာထားဆောင်ရွက်နေပါတယ်။ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံပြီး ပြည်ပကို တင်ပို့ရောင်းချရင်း ကမ္ဘာ့နိုင်ငံများရဲ့ စားနပ်ရိက္ခာ လိုအပ်မှုကိုပါ တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် မြန်မာနိုင်ငံရဲ့စပါးကျီဖြစ်တဲ့ ရန်ကုန်တိုင်းနဲ့ ဧရာဝတီတိုင်းမှာရှိတဲ့ လယ်မြေတွေ ပျက်စီးပြီး မြန်မာနိုင်ငံမှာ စားနပ်ရိက္ခာ ပြတ်လပ်မှုတွေနဲ့ ကြုံရတော့မယ်လို့ ပြည်ပမီဒီယာတွေက အားရဝမ်းသာ ပြောခဲ့ကြပါတယ်။ ဒါပေမယ့် လေဘေးသင့်ဒေသများမှာ အချိန်မီစပါးစိုက်ပျိုးနိုင်ဖို့ အဘက်ဘက်က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ခဲ့တဲ့အပြင် နိုင်ငံတစ်ဝန်းမှာလည်း စပါးစိုက်ဧကတွေ တိုးချဲ့တာ၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ပေးတာ၊ လယ်ပိုင်ရှင်တွေနဲ့ ပုဂ္ဂလိကကုမ္ပဏီကြီးတွေ ပူးပေါင်းပြီး အကျိုးတူလယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ ထူထောင်လုပ်ကိုင် ဆောင်ရွက်စေခဲ့တာတွေကြောင့် အခုစပါးပေါ်ချိန်မှာ ယခင်နှစ်ကထက်ကို စပါးထွက်ပိုလာခဲ့တယ်လို့ သိရပါတယ်။ အဲဒီလို စပါးအထွက်ပိုလာတော့လည်း စပါးတွေကို ဝယ်မယ့်သူ မရှိဘူး၊ စပါးဈေးတွေကျပြီး လယ်သမားတွေ ဒုက္ခရောက်ကုန်ပြီလို့ အသံလွှင့်ဌာနတွေက မလိုတမာ ဆိုလာကြပြန်ပါရောလား။ တော်တော့်ကို ဗလောင်းဗလဲနိုင်တဲ့ မီဒီယာတွေပါပဲ။

ကျွန်တော်သိသလောက်ပြောရရင် စပါးအထွက်နှုန်းတွေ ကောင်းတာလည်း အမှန်ပါပဲ။ ဒေသအသီးသီးက လယ်သမားတွေ စပါးပိုရကြတာလည်း အမှန်ပါပဲ။ သို့သော် စပါးဝယ်မယ့်သူ မရှိဘူးဆိုတာကတော့ သက်သက်မယ့် လုပ်ကြံသွေးထိုးတဲ့ မိုးလုံးပြည့် မုသာဝါဒီတွေပါ။ တကယ့်အခြေအနေမှန်မှာ ထွက်ရှိသမျှစပါးတွေကို ကုန်သည်တွေနဲ့ ဆန်စက်ပိုင်ရှင်တွေက ကွင်းဆင်းဝယ်ယူလျက်ရှိကြပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်နဲ့ မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC) တို့ကလည်း ဒေသပေါက်ဈေးပေးပြီး အများအပြား ဝယ်ယူနေတယ်လို့ သိရပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများအနေနဲ့ ထွက်ရှိသမျှစပါးတွေကို အဆင်ပြေပြေနဲ့ ရောင်းချနိုင်ကြပြီး နောက်တစ်သီးအတွက် အားတက်သရော ဆက်ပြီးကြိုးပမ်းလုပ်ဆောင်နေကြပါပြီ။ ဒါတွေဟာ တကယ့်မြေပြင် အခြေအနေမှန်တွေပါပဲ။

**ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံတဲ့အတွက် စပါးကို ပြည်ပတင်ပို့ရောင်းချနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်နေပါတယ်။ ပြည်ပမှာ မြန်မာ့ဆန်ဈေးကွက်ရရှိရေးအတွက် နိုင်ငံတော်က ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးနေသလို အိမ်နီးချင်းနိုင်ငံတွေကို နယ်စပ်မှတစ်ဆင့် ဆန်တင်ပို့ရောင်းချခွင့်လည်းပြုထားပါတယ်။ ယခုနှစ် အောက်တိုဘာလကုန်အထိ ကိန်းဂဏန်းတွေအရ ဆန်တန်ချိန် ၁၇၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ပုဂ္ဂလိကပိုင်းက ပြည်ပတင်ပို့မှု ဆောင်ရွက်နေသလို စီးပွားရေးဦးပိုင်လီမိတက်ကလည်း ပြည်ပတင်ပို့နိုင်ဖို့ စီမံဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကြောင့် ကမ္ဘာနဲ့အဝန်း ဝယ်လိုအားကျဆင်းပြီး ဈေးနှုန်းများ ကျဆင်းတာမှန်ပေမယ့် အခုလို ပြည်တွင်းစားသုံးမှုအတွက် ရော ပြည်ပတင်ပို့မှုအတွက်ပါ ပြည်တွင်းဝယ်လိုအား ရှိနေတာကြောင့် တောင်သူလယ်သမားကြီးများအတွက် ဘာမှထိခိုက်နိုင်စရာ မရှိပါကြောင်း ပြည်ပမီဒီယာတွေသိအောင် ပြောလိုက်ချင်ပါတယ်။**

နောက်တစ်ခုက ပဲမျိုးစုံရောင်းဝယ်ရေးကိစ္စပါ။ ပြည်တွင်းမှာ ပဲဈေးတွေ အထိုက်အလျောက် ကျဆင်းခဲ့တာ အမှန်ပါပဲ။ သို့သော် အခုအချိန်မှာ မြန်မာနဲ့အိန္ဒိယ နှစ်နိုင်ငံ ဝန်ကြီးဌာနများ ညှိနှိုင်းဆွေးနွေးပြီး အစိုးရချင်းချိတ်ဆက်တဲ့ အစီအစဉ်နဲ့ ပဲမျိုးစုံ ပုံမှန်တင်ပို့ရောင်းချနိုင်ဖို့ ညှိနှိုင်းသဘောတူညီခဲ့ပြီးပါပြီ။ အိန္ဒိယက မြန်မာ့ပဲမျိုးစုံကို နိုင်ငံတကာပေါက်ဈေးအတိုင်း ဝယ်ယူသွားမှာပါ။ အသေးစိတ်ညှိနှိုင်းဆောင်ရွက်မှုကိုတော့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နဲ့ အိန္ဒိယနိုင်ငံ State Trading Corporation တို့က တာဝန်ယူညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုကြောင့် ပစ္စည်းဈေးနှုန်းများ အပြောင်းအလဲမြန်ဆန်လွန်းနေတဲ့အတွက် ပြောင်းလဲနေတဲ့ ကမ္ဘာ့ဈေးနှုန်းအခြေအနေနဲ့ လိုက်လျောညီထွေ ကုန်သွယ်ရောင်းဝယ်နိုင်အောင်နိုင်ငံတော်က စီမံစောင့်ရှောက်ဆောင်ရွက်ပေးနေတယ်ဆိုတာ သိစေချင်တာပါပဲ။ အိန္ဒိယက မြန်မာ့ပဲမျိုးစုံကို နှစ်စဉ်ပုံမှန်ဝယ်ယူသွားမှာဖြစ်တဲ့အတွက် ပဲဈေးကွက်အတွက် စိတ်အေးရပြီလို့ ဆိုနိုင်ပါတယ်။

အလားတူ မြန်မာနိုင်ငံအလယ်ပိုင်းမှာ ပြီးခဲ့တဲ့ စိုက်ပျိုးရာသီ အတွင်း ငွေချည်(၆) ချည်မျှင်ရှည်ဝါများ အထွက်နှုန်းကောင်းမွန်ပြီး ဖြစ်ထွန်းအောင်မြင်နေပါတယ်။ ဒါကိုလည်း အဆိုးမြင်မီဒီယာတွေက စိုက်တုန်းက စိုက်ခိုင်းပြီး ရောင်းချိန်ကျတော့ ဝယ်မယ့်သူမရှိလို့ ဝါစိုက်တောင်သူတွေ ဒုက္ခရောက်နေပါပြီလို့ မဟုတ်တမ်းတရား လွှင့်ခဲ့ပါသေးတယ်။ တကယ်တော့ ငွေချည်(၆)ကြောင့် တောင်သူတွေလက်ဖျားမှာ ရွှေသီး၊ ငွေသီးခဲ့ကြတာ အားလုံးအသိပါ။ အထွက်နှုန်းကောင်းပြီး နိုင်ငံတော်က ဈေးကောင်းပေးဝယ်တဲ့အတွက် တောင်သူတွေကလည်း ငွေချည်(၆)ကိုပဲ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်ခဲ့ကြပါတယ်။ ဒီနှစ် ၂၀၀၈-၂၀၀၉ စိုက်ပျိုးရာသီမှာ ငွေချည်(၆)ကို ၂၆၀၇၉၉ ဧကအထိ တိုးချဲ့စိုက်ပျိုးခဲ့ပြီး အထွက်နှုန်းကလည်း တစ်ဧကကို ပိဿာ ၁၀၀၀ ကနေ ၁၆၀၀ အထိ ရှိနေပါတယ်။

**ပြည်တွင်းက ထွက်ရှိသမျှ စိုက်ပျိုးသီးနှံအားလုံးအတွက် ထုတ်လုပ်ရောင်းချမှု အဘက်ဘက်က အဆင်ပြေချောမွေ့ပြီး စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှု မဖြစ်ရအောင် နိုင်ငံတော်ပိုင်းက တာဝန်ယူဆောင်ရွက်ပေးနေတယ်ဆိုတာ မြင်သာထင်ရှား။**

## ကျော်ရဲမင်း

ဒါကြောင့် ထွက်ရှိလာတဲ့ ဝါတွေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်းလက်အောက်မှာရှိတဲ့ ဝါနှင့်ပိုးချည်လုပ်ငန်းဌာနက ဝါအဝယ် စခန်းများဖွင့်လှစ်ပြီး ဝယ်ယူလျက်ရှိပါတယ်။ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းကလည်း လက်အောက်မှာရှိတဲ့ ချည်မျှင်နှင့် အထည်စက်ရုံများ၊ ဝါကြိတ်စက်ရုံများအတွက် ငွေချည်(၆) အမျိုးအစား ချည်မျှင်ရှည်ဝါ ပိဿာ ၁၅ သိန်း၊ ချည်မျှင်တိုဝါ အခြား အမျိုးအစား ပိဿာ ငါးသိန်း၊ ငွေချည်(၆) ချည်မျှင်ရှည်ဝါ ဝါဂွမ်းအဆင့်အေနှင့်ဘီ အမျိုးအစား ပိဿာ သိန်း ၃၀ နဲ့ အခြား ချည်မျှင်ရှည်/တိုဝါ ဝါဂွမ်းအဆင့် စီနဲ့ဒီ အမျိုးအစား ပိဿာ သိန်း ၂၀ တို့ကို ဝယ်ယူမယ်လို့ သိရပါတယ်။ ဒ့ါအပြင် တပ်မတော်ပိုင်းကလည်း တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံများအတွက် မိတ္ထီလာ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ၊ ပွင့်ဖြူ တပ်မတော်ဝါစိုက်ခင်း၊ ဟန်မြင့်မိုရ်လွန်ကျော်ဒေသ တပ်မတော်ဝါစိုက်ခင်းစတဲ့ စက်ရုံနဲ့ စိုက်ခင်းတွေမှာ ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ ဝါစိုက်တောင်သူများ ရောင်းချမှု အဆင်ပြေရေးအတွက်လည်း အဘက်ဘက်က ထောင့်စေ့အောင် စီမံဆောင်ရွက်ပေးနေပါတယ်။

ခြုံပြီးပြောရရင် ပြည်တွင်းက ထွက်ရှိသမျှ စိုက်ပျိုးသီးနှံအားလုံးအတွက် ထုတ်လုပ်ရောင်းချမှု အဘက်ဘက်က အဆင်ပြေချောမွေ့ပြီး စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှု မဖြစ်ရအောင် နိုင်ငံတော်ပိုင်းက တာဝန်ယူဆောင်ရွက်ပေးနေတယ်ဆိုတာ မြင်သာထင်ရှားပါတယ်။ နိုင်ငံတော်အပိုင်းက နယ်စပ်ကုန်သွယ်မှုတွေ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်အောင် ဖြေလျှော့မှုတွေလည်း လုပ်ပေးနေပါတယ်။ ဒ့ါအပြင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ရဲ့ ဦးဆောင်မှုနဲ့ ပြည်ပဈေးကွက် ရှာဖွေရေးအဖွဲ့များ စေလွှတ်ဖို့အထိ စီမံဆောင်ရွက်နေပါတယ်။ ကမ္ဘာ့ကုန်စည်ဈေးနှုန်းပြောင်းလဲမှု လျင်မြန်နှုန်းကိုလိုက်ပြီး မိမိပို့ကုန်ဈေးနှုန်းများ ပြောင်းလဲထိန်းညှိကာ ထိခိုက်နစ်နာမှုနည်းပါးအောင်လည်း စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် သီးနှံပို့ကုန်များ နိုင်ငံတကာဈေးနှုန်း ကျဆင်းမှုကြောင့် တောင်သူလယ်သမားတွေ ဝင်ငွေလျော့နည်းထိခိုက်မှု သက်သာစေဖို့အတွက် ထုတ်လုပ်မှုစရိတ် (Cost of Production) ကျဆင်းအောင်လည်းစီမံထားပါတယ်။ ဒါကတော့ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုး စတဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ ဈေးနှုန်းလျော့နည်းသက်သာစွာရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

စီးပွားရေးကျဆင်းမှုကို ကုစားနိုင်ဖို့အတွက် ပြည်ပပို့ကုန်တိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းက တွန်းအားပေး ဆောင်ရွက်နေပါတယ်။ ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းသက်သက်သာသာနဲ့ရရှိအောင်၊ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်အောင်၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်အောင် အားပေးမြှင့်တင်နေပါတယ်။ ဒီလို ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး အားပေးကူညီခြင်းအားဖြင့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးတက်လာမှာ အမှန်ပါပဲ။

နိုင်ငံတော်အစိုးရနဲ့ UMFCCI လို စီးပွားရေး အဖွဲ့အစည်းတွေက ဦးဆောင်ပြီး ပြည်ပဈေးကွက်များ ရှာဖွေပေးနေချိန်မှာ ပြည်တွင်းထုတ်လုပ်သူများကလည်း ဈေးကွက်ခိုင်မာရေးအတွက် ကုန်ပစ္စည်းအရည်အသွေး ထိန်းသိမ်းခြင်း၊ လုပ်ငန်းအလိုက်အလေအလွင့်များ၊ မလိုလားအပ်သော ကုန်ကျစရိတ်များလျှော့ချခြင်းတို့ကို ဆောင်ရွက်ပြီး မိမိတို့ပို့ကုန်များကို ပြည်ပဈေးကွက်မှာ ယှဉ်ပြိုင်နိုင်တဲ့ ဈေးနှုန်းရရှိအောင် ပြုလုပ်သင့်လှပါတယ်။ ဒ့ါအပြင် မိမိတို့ပို့ကုန်များ ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားမှုအား ထိခိုက်စေနိုင်တဲ့ အကြောင်းရင်းများကို အဖြေရှာပြီး ပြုပြင်ဆောင်ရွက်သွားသင့်ပါတယ်။ ဒါမှလည်း ပို့ကုန်တန်ဖိုးနဲ့ ပမာဏမြင့်မားလာစေနိုင်မှာ ဖြစ်ပါတယ်။

အလုပ်အကိုင် အခွင့်အလမ်းကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးရရင် ဒါဟာ ကြိုတင်တွက်ဆ ပြင်ဆင်ထားရမယ့် ကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကြောင့် နိုင်ငံအသီးသီးမှာ စီးပွားရေးကျဆင်းပြီး အလုပ်သမားလျှော့ချမှုတွေ၊ အသုံးစရိတ်စိစစ်မှုတွေ အများကြီး လုပ်နေကြရပါတယ်။ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းကြီးတွေမှာ ဝန်ထမ်းအင်အားကို ရာခိုင်နှုန်း ၂၀ လောက်အထိ လျှော့ချနေရတယ်လို့လည်း မှတ်သားမိပါတယ်။ အလားတူ ဒေသတွင်းက စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ကိုရီးယား၊ ဂျပန် စတဲ့ ကျွန်တော်တို့ ရွှေမြန်မာအများစု သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ နိုင်ငံတွေမှာလည်း အလုပ်သမားလျှော့ချမှုတွေ စလုပ်နေကြပါပြီ။ ထပ်ပြီး အလုပ်ရှာဖို့ သွားတဲ့လူတွေလည်း အလုပ်မရနိုင်လို့ ပြန်လာနေကြပါတယ်။ အလုပ်ဖြုတ်ခံလိုက်ရလို့ ပြည်တော်ပြန်လာကြသူတွေလည်း ရှိနေပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့☆

☆ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

ဒါကလည်း နိုင်ငံတကာနဲ့ဆိုင်တဲ့ ပြဿနာတစ်ရပ်ဖြစ်လို့ ကျွန်တော်တို့လည်း ဘယ်လိုမှရှောင်လွှဲနိုင်မှာ မဟုတ်ပါဘူး။ ပြည်တော်ပြန်လာတဲ့ ကိုယ့်နိုင်ငံသားတွေကို နွေးနွေးထွေးထွေးကြိုဆိုပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းတွေ ပွင့်လန်းလာအောင် စီမံပေးရမှာပါပဲ။

ကျွန်တော်မြင်မိသလောက် ပြောရရင် နိုင်ငံနှင့်အဝန်း ရောက်လေရာရာ မြင်ကွင်းမဆုံးနိုင်တဲ့ လယ်ယာမြေတွေမှာ တနင်္သာရီကမ်းရိုးတန်းဘက်က ဆီအုန်းခြံကြီးတွေမှာ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက ဆားလုပ်ငန်းတွေမှာ လယ်သမား၊ အလုပ်သမား ဝန်ထမ်းအင်အားအမြောက်အမြား လိုအပ်နေပါတယ်။ ဒါ့အပြင် ရော်ဘာလုပ်ငန်း၊ ကျွန်းစိုက်ခင်းလုပ်ငန်းနဲ့ သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာလည်း အလုပ်သမားလိုအပ်ချက်တွေရှိနေဆဲပါ။ အလားတူ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်ဘက်မှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းတွေမှာလည်း ဝန်ထမ်းအင်အားတွေ လိုအပ်နေမှာပါပဲ။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လယ်ယာလုပ်ငန်း၊ တောင်သူလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများအားလုံးမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ အများကြီးရှိနေမယ်လို့ မျှော်လင့်ပါတယ်။ ဘာပဲဖြစ်ဖြစ် ပြည်တော်ပြန်လာမယ့် မြန်မာအလုပ်သမားများကို နိုင်ငံတော်က အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးဖော်ဆောင်ပေးသွားမှာဖြစ်တဲ့အတွက် ဒီပြဿနာကို အခက်အခဲမရှိ ကျော်လွှားဖြေရှင်းနိုင်မှာ အသေအချာပါပဲ။

**ဒါပေမယ့် အခုလိုအချိန်မျိုးမှာ လူတိုင်းလူတိုင်းဟာ နိုင်ငံ့မျက်နှာ၊ ပြည်သူ့မျက်နှာကို ကြည့်ကြရမယ်လို့ ပြောချင်ပါတယ်။ ဘယ်သူမဆို ဝိသမလောဘယှဉ်ပြီး ကိုယ်ကျိုးအတ္တကိုချည်းပဲ ရှေ့တန်းတင်နေလို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ ညီညွတ်ရင်၊ မျှတရင်၊ နိုင်ငံ့မျက်နှာ၊ ပြည်သူ့မျက်နှာကို ကြည့်ကြမယ်ဆိုရင် ဒီအခက်အခဲ ပြဿနာဆိုတာ အသေးအမွှား အပယ်ကပါပဲ။ ငွေကြေးနဲ့ စီးပွားရေးသံသရာထဲမှာ ကျင်လည်နေကြတဲ့ ကုန်သည်အသင်းအဖွဲ့တွေ၊ ကုန်စည်ဒိုင်တွေ၊ ကုန်သည်တွေအပိုင်းကလည်း ဖြစ်ပေါ်လာတဲ့ နိုင်ငံတကာဈေးကွက် အခြေအနေပေါ်မူတည်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ မိမိတို့အကျိုးကို မျှတအောင်ကြည့်ကြဖို့၊ တွေ့ကြုံလာတဲ့အခက်အခဲများကို ပူးပေါင်းဖြေရှင်းကျော်လွှားကြဖို့၊ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှုများ မှန်ကန်သွက်လက်အောင် ကြိုးပမ်းကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက် ပုံမှန်လည်ပတ်နိုင်နေရင် ဘာစီးပွားရေးပြဿနာကိုမှ မှုနေစရာမလိုဘူးလို့ ပြောချင်ပါတယ်။**

ခြုံပြီးပြောရရင် ယခုရင်ဆိုင်နေရတဲ့ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ကမ္ဘာ့စီးပွားရေးဟာ လုံးဝဥဿုံ ပြိုလဲသွားနိုင်ဖို့ အလားအလာ နည်းပါးပါတယ်လို့ ဆိုသူတွေက ဆိုကြပါတယ်။ စီးပွားရေးအရ တစ်နှစ်နှစ်နှစ်ခန့်အတွင်း ပြန်ပြီးနာလန်ထူနိုင်ဖွယ်ရှိတယ်လို့လည်း ခန့်မှန်းချက်တွေရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လွတ်လပ်တဲ့ဈေးကွက် စီးပွားရေးစနစ်နဲ့ စီးပွားရေးထိပ်သီးအနောက်အုပ်စုရဲ့ ဦးဆောင်မှုအပေါ် ကမ္ဘာကယုံကြည်မှု လျော့ကျသွားမှာတော့အမှန်ပါပဲ။ ဒီအကျိုးဆက်အဖြစ် ဒေသအလိုက် စီးပွားရေးအုပ်စုတွေအကြားမှာ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒတွေ ထွန်းကားလာနိုင်တာကိုလည်း မျှော်လင့်ထားရပါမယ်။

**ကျွန်တော့်အမြင်အရတော့ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းဖြစ်စေ၊ ကမ္ဘာ့စီးပွားရေး ဆုတ်ယုတ်မှု ပြဿနာဖြစ်စေ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေအတွက် အထူးတလည် စိုးရိမ်ပူပန် ကြောင့်ကြနေဖို့ မလိုအပ်ပါဘူး။ ကျွန်တော်တို့နိုင်ငံအပေါ်လည်း များများစားစား ထိခိုက်ဖို့ မရှိနိုင်ပါဘူး။ ဆန့်ကျင်ဘက် မီဒီယာတွေက ပြောနေသလို စပါးဈေး၊ ပဲဈေးတွေကျ၊ ကားဈေးတွေကျ၊ မြေဈေးအိမ်ဈေးတွေကျ ပြည်သူတွေ စီးပွားပျက်ပြီး ဒုက္ခရောက်နေရပါပြီဆိုတဲ့ ခြောက်လုံး၊ လှန့်လုံးတွေကိုလည်း နားမယောင်စေချင်ပါဘူး။ တကယ့်အခြေအနေမှန်တွေကို ကျွန်တော်ဆွေးနွေးခဲ့ပြီးပါပြီ။ မလိုသူတွေ ဘယ်လိုပဲပြောပြော ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်အားကိုယ်ကိုး ရပ်တည်ရှင်သန်နေထိုင်လာတဲ့ ကျွန်တော်တို့လို နိုင်ငံတစ်နိုင်ငံအတွက် အခက်အခဲပြဿနာအားလုံးကို အောင်အောင်မြင်မြင် ကျော်လွှားဖြတ်သန်းလာနိုင်ခဲ့တာ အကြိမ်ပေါင်းမနည်းတော့ဘူး မဟုတ်လား။ ဒါကို မှန်မှန်ကန်ကန် ရှုမြင်နားလည်ကြစေချင်ပါတယ်။**

နိဂုံးချုပ်အနေနဲ့ပြောရရင် အမေရိကန်နဲ့ အနောက်အုပ်စုက ကျွန်တော်တို့နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေ လုပ်တယ်၊ အမျိုးမျိုးကန့်သတ်ဖိနှိပ်မှုတွေလုပ်တယ်၊ အမျိုးမျိုး ပုတ်ခတ်စွပ်စွဲ တိုက်ခိုက်မှုတွေလုပ်တယ်။ သို့သော် ကျွန်တော်တို့နိုင်ငံက ပစ်တိုင်းထောင်နိုင်ငံပါ။ ကျွန်တော်တို့လူမျိုးက ပစ်တိုင်းထောင်လူမျိုးပါ။ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် မားမားမတ်မတ် ရပ်တည်ရင်ဆိုင်ကျော်လွှားပြီး အပြီးမပျက်တဲ့ သမိုင်းကြောင်း အစဉ်အလာတွေက အထင်အရှားရှိခဲ့ပြီးပါပြီ။

အခု ကျွန်တော်တို့ကို စီးပွားရေးပိတ်ဆို့တဲ့ နိုင်ငံကြီးတွေမှာ ဘဏ္ဍာရေးအကျပ်အတည်းတွေ၊ စီးပွားရေး ဆုတ်ယုတ်ကျဆင်းမှုတွေ အပြင်းအထန် ထိခိုက်ခံစားနေရပြီမဟုတ်လား။ သူတို့ဆီက ကောင်းကျိုးစီးပွားကို ကျွန်တော်တို့ မရခဲ့ပေမယ့် သူတို့ဆီကလာတဲ့ ဆိုးကျိုးဒုက္ခကိုတော့ Globalization ဖြစ်စဉ်အရ မျှဝေခံစားကြရတော့မှာပါ။ ဒီအတွက် ကျွန်တော်တို့က သူတို့အပေါ် မေတ္တာမပျက်သလို ရင်ဆိုင်ရမယ့် အခက်အခဲအတွက်လည်း မျက်နှာပျက်စရာ မရှိပါဘူး။ အဓိကကတော့ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်ဆိုတဲ့ အင်အားစုသုံးရပ် စည်းလုံးညီညွတ်ပြီး ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်သွားနိုင်ဖို့ပဲ လိုပါတယ်။ ကျွန်တော်တို့ဟာ ပစ်တိုင်းထောင်နိုင်ငံ၊ ပစ်တိုင်းထောင်လူမျိုးဆိုတာ မမေ့ကြရင် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းဆိုတာကြောင့်တော့ အပြီးပျက်စရာမလိုပါဘူးလို့ပဲ ပြောလိုက်ပါရစေ။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

## ကမ္ဘာအေးကွန်ဒိုမီနီယံနှင့် ဂမုန်းပွင့် Shopping Mall ဖွင့်ပွဲအခမ်းအနား တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၈

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဂမုန်းပွင့်ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် ကမ္ဘာအေးကွန်ဒိုမီနီယံနှင့် ဂမုန်းပွင့် Shopping Mall ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဂမုန်းပွင့် Shopping Mall ဥပစာရှေ့၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးသည်။**

ရှေးဦးစွာ မင်္ဂလာအချိန်တွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်ခလုတ်နှိပ်၍ ဂမုန်းပွင့် Shopping Mall ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှည့်လည်ကြည့်ရှု အားပေးကြရာ ဂမုန်းပွင့်ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းအဆောက်အအုံတွင် လူသုံးကုန်နှင့် စားသောက်ကုန် ပစ္စည်းဆိုင်များ၊ အလှကုန်ပစ္စည်းဆိုင်များ၊ အလှပြင်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ပရိဘောဂပစ္စည်းဆိုင်များ၊ စာအုပ်ဆိုင်များနှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ခေတ်မီကလေး ကစားကွင်းနှင့် ယာဉ်စီးရေ ၂၀၀ ကျော် ရပ်နားနိုင်သော ယာဉ်ရပ်နားစခန်းတို့ ပါရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)



**လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ညောင်ဦးမြို့နယ် ပုဂံဒေသရှိ လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ဗဟန်းအထက(၃)

# မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်၊ အထက(၃) ဗဟန်းကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကိုဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်၍ ဆရာ၊ဆရာမဟောင်းများနှင့်ကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့်ရပ်ဝေးရပ်နီးရှိကျောင်းသား၊ ကျောင်းသူ ဟောင်းများသည် ကျောင်းအုပ်ကြီး ဦးလှတင်(အထက-၃) ဖုန်း-၅၅၅၂၂၂၊ ဦးလှထွေး (ရှိမိုစားသောက်ဆိုင်) ဖုန်း - ၀၉-၅၁၆၂၉၁၉၊ ဦးအောင်ကျော်ထွန်း ဖုန်း-၅၅၃၉၆၆၊ ဒေါ်မြမြသန်း (နှင်းဆီဦးအလှပြင်) ဖုန်း - ၀၉၅၁-၈၄၉၅၅ တို့သို့ ဆက်သွယ်၍ အလှူငွေများထည့်ဝင်နိုင်သည်။ (ကြေးမုံ)

# မန္တလေးတိုင်းအတွင်းရှိ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ရေလှောင်တမံနှင့် ငွေချည်(၆)ချည်မျှင်ရှည်ဝါစိုက်ခင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၈

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ညောင်ဦးမြို့နယ်အတွင်းရှိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ၊ မြကန်ရေလှောင်တမံနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်း တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် အဖွဲ့သည် ညောင်ဦးမြို့နယ် ပုဂံဒေသရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မြကန်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ ကျောက်ကူးမြစ်ရေတင် ရေတင်အဆင့်(၄)တွင် စက်များ စမ်းသပ်လည်ပတ်ပြီး ရေတင်နေမှုကိုလည်းကောင်း၊ ညောင်ဦးမြို့နယ် သစ်ထောင့် ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာမှ တောင်သူဦးချို၏ ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသော မိုးစပါး ဧက ၄၀၀ စိုက်ခင်းကိုလည်းကောင်း၊ ငါ့သရောက် မြစ်ရေတင်စီမံကိန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၂-၂၀၀၈ (သောကြာနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | ''အမှိုက်ထဲကရွှေ''တရားတော် (ဆရာတော် ဘဒ္ဒန္တဝေပုလ္လဓဇောတိ) |
| ၇း၅၀ - ၁း၅၀ | နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ (အပိုင်း-၁) |
| ၈း၁၀ - ၂း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ - ၂း၁၅ | VJ Choice |
| ၈း၃၅ - ၂း၃၅ | အေးမိသားစုလီမိတက်၏ဆောက်လုပ်ရေးနှင့် Pro-1 Taxi meter |
| ၈း၅၀ - ၂း၅၀ | Art Vision (Beyond The Rain Exhibition) |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးနှင့်ဆွေးနွေးခန်း) |
| ၉း၄၀ - ၃း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | အနားယူအပန်းဖြေစရာ စိမ်းလန်းစိုပြည်ဥယျာဉ်မှာ |
| ၁၀း၀၀ - ၄း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ - ၄း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၀ - ၄း၁၀ | ရေမွှေးနှင်းဆီ (ဇေယျာ၊ထွန်းထွန်းနိုင်၊ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-ဝိုင်း) |
| ၁၀း၅၅ - ၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | ရင်ခုန်စွန့်စားအပန်းဖြေခြင်းများ |
| ၁၁း၂၀ - ၅း၂၀ | မှိုသားမျှင်တစ်သျှူးမျိုးပွားနည်း |
| ၁၁း၄၀ - ၅း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၅ - ၅း၄၅ | လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား |
| ၁၂း၀၀ - ၆း၀၀ | ရေ---သို့မဟုတ် သန့်စင်၊ကြည်လင်၊အေးမြခြင်း |
| ၁၂း၂၀ - ၆း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ - ၆း၂၅ | ဓာတ်ပုံထဲမှအမှတ်တရများ (အနဂ္ဃ၏ဓာတ်ပုံထဲမှအမှတ်တရများ) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**✻ ရှေ့ဖုံးမှ**

ရောက်ရှိကြရာ ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ပုဂံရှေးဟောင်းသုတေသနပြတိုက် သမိုင်းကြောင်းနှင့်ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပုဂံမြို့ မြေဘုံသာဘုရားလှအနီးရှိ ဘုရားအမှတ်(၁၅၁၅)အတွင်း သဲခဲရှင်းရာမှ တွေ့ရှိသော အေဒီ (၁၂) ရာစု ခေတ်ကာလမှ အတိုင်းအတာ အမြင့် ၁၂ လက်မ၊ ဒူးခွင်အကျယ် ၁၁ လက်မ၊ ထု ငါးလက်မရှိသည့် ရွှေဆင်းတုတော်နှင့် ငွေဆင်းတုကြီးကို လည်းကောင်း၊ အေဒီ (၁၁) ရာစုမှ ကြေးကြာဖူးကိုလည်းကောင်း၊ ပုဂံခေတ် အန္တကူရုပ်ချပ်နှင့် အန္တကူဆင်းတုတော်၊ ကြေးဗုဒ္ဓဆင်းတုတော်၊ ရှေးဆင်များ၏ အစွယ်အပိုင်းအစ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အံသွား ကျောက်ဖြစ်ရုပ်ကြွင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် အာနန္ဒာဘုရားသို့ ရောက်ရှိကြပြီး အနောက်ဘက်မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အာနန္ဒာဘုရားလိုဏ်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်များအား လက်ယာရစ် လှည့်လည်ကြည်ညိုပြီး ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

**ကပ်လှူပူဇော်**

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြကာ ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေစည်းခုံစေတီတော် အရှေ့ဘက်မုခ်ရှိ ကကုသန် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။**
(သတင်းစဉ်)







## လှည့်လည်ကြည်ညို

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာနန္ဒာဘုရား လိုဏ်အတွင်း လှည့်လည်ကြည်ညိုစဉ်။**
(သတင်းစဉ်)

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEPI ရေနံကုမ္ပဏီသည် မုတ္တမကမ်းလွန်လုပ်ကွက် အမှတ် M-9 တွင် Geotechnical Investigation Site Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Teknik Samudra ဖြင့် ဒီဇင်ဘာ ၁၅ ရက်ခန့်မှ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ခန့်အထိ လည်းကောင်း၊ Nearshore Site Survey တိုင်းတာရေးလုပ်ငန်းများကို Jack-Up Rig Pontoon ဖြင့် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်ခန့်မှ ဧပြီ ၁၅ ရက်ခန့်အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

Geotechnical Investigation Site Survey နှင့် Nearshore Site Survey တိုင်းတာရေး လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point-A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ စက္ကန့်၊ Point -B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၅ မိနစ် ၀၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၅ မိနစ် ၀၀ စက္ကန့်၊ Point -D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ စက္ကန့်၊ Point -E မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၀၀ စက္ကန့်၊ Point-F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ Point -G မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်နှင့် Point -H မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၀၀ စက္ကန့်တို့ အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 တွင် Geotechnical Investigation Site Survey ကို တိုင်းတာရေးရေယာဉ် MV Teknik Samudra ဖြင့်လည်းကောင်း၊ Nearshore Site Survey တိုင်းတာရေး လုပ်ငန်းများကို Jack-Up Rig Pontoon ဖြင့်လည်းကောင်း လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's)ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေး ကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၁၂-၂၀၀၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၇း၅၅ ၅။ အဆိုပြိုင်ပွဲ
၈း၀၅ ၆။ **“အသိစိတ်ကလေး အရင်းတည်၍” (ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)**
၈း၂၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အတီးပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ ဝိုင်းဝန်းဆွေးနွေးအကြံပေး တိုးတက်ဖွံ့ဖြိုးရာကျန်းမာရေး
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၅း၂၀ ၇။ မြန်မာစာ၊မြန်မာစကား
၅း၄၀ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ သုတစုံလင်ရွှေညာဏ်ရှင်
၇း၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကုန်သွယ်မုန်တိုင်း” (အပိုင်း-၃၆)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား” (အပိုင်း-၅၆)**
၁၇။ အစီအစဉ်ပြီး၏။

# တွံတေးမြို့နယ် တမာတကောချောင်းကူးတံတားဖွင့်ပွဲ ကျင်းပ

ရန်ကုန်  ဒီဇင်ဘာ  ၁၈

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က တည်ဆောက်ခဲ့သော ရန်ကုန်တိုင်း တွံတေးမြို့နယ် တမာတကောကျေးရွာအနီးရှိ တမာတကော ချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါတံတား၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူးနှင့်မြို့တော်ဝန်တို့က တမာတကော ချောင်းကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မြို့တော်ဝန်က ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့အား တံတားဖွင့်ပွဲ အထိမ်းအမှတ်အလံငယ်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် တမာတကော ချောင်းကူးတံတားကို ဖြတ်သန်း ကြည့်ရှုကြသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တွံတေးမြို့နယ် မငေးကျေးရွာအနီးရှိ ရေငန်ရိုးချောင်းကိုဖြတ်ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေငန်ရိုး ချောင်းကူးတံတားလုပ်ငန်းခွင်သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးကြရာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**တွံတေးမြို့နယ်ရှိ တမာတကော ချောင်းကူးတံတားကို တွေ့ရစဉ်။** (သတင်းစဉ်)

**❖ ကျောဖုံးမှ**

တိုးတက်ဖွံ့ဖြိုးလာသော ငပလီကမ်းခြေဒေသအကြောင်းကို အတွေးနယ်လွန်မိသည်။

ငပလီကမ်းခြေဒေသမှာ ယခင်က ဖွံ့ဖြိုးမှုအားနည်းခဲ့သည်ဟု သိရပြီး နိုင်ငံတော်အစိုးရ လက်ထက်တွင် ဒေသတစ်ခုနှင့်တစ်ခုအကြား အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ပေးခဲ့ရာ လမ်းပန်းဆက်သွယ်ရေးအပါအဝင် အခြားပညာရေး၊ စီးပွားရေးလုပ်ငန်းကိစ္စများပါ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ ယခုဆိုလျှင် လေကြောင်းလမ်းများ နေ့စဉ် ပြေးဆွဲနိုင်သည်အထိပင် ဖြစ်လာပြီဖြစ်သည်။ ငပလီဒေသ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငပလီကမ်းခြေသို့ လာရောက်သူများပြားလာခဲ့ရာ ခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ပေသည်။ ငပလီကမ်းခြေနှင့် အနီးတစ်ဝိုက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ယင်းဒေသရှိ ရေလုပ်ငန်းနှင့် တောင်ယာလုပ်ငန်းများအပြင် ဒေသထွက်ကုန်များမှာလည်း အောင်မြင်ဖြစ်ထွန်းလာခဲ့သည်။ပင်လယ်ကမ်းခြေဒေသဖြစ်သောကြောင့် အဓိကစီးပွားရေးလုပ်ငန်းမှာ ရေလုပ်ငန်းဖြစ်ပြီး စီးပွားဖြစ် လုပ်ကိုင်နေသည်ကို တွေ့မြင်ခဲ့ရသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အပန်းဖြေအနားယူနိုင်သည့် နေရာများစွာရှိသည်။ ယင်းအထဲတွင် ပင်လယ်ကမ်းခြေများလည်း အပါအဝင်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များမှာလည်း ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ပင်လယ်ကမ်းခြေပေါင်း များစွာရှိသော်လည်း မြန်မာနိုင်ငံရှိ ပင်လယ်ကမ်းခြေများသို့ တကူးတက လာရောက် အပန်းဖြေလေ့ရှိသည်။ ထိုကဲ့သို့ လာရောက်အပန်းဖြေချင်စဖွယ်ဖြစ်အောင်လည်း မြန်မာနိုင်ငံရှိ ကမ်းခြေများက တစ်မျိုးတစ်ဘာသာစီဖြင့် လှပပြီး ဆွဲဆောင်မှုရှိလှသည်။ ကမ္ဘာလှည့်ခရီးသည်များ လာရောက်အပန်းဖြေလျှင် ဝန်ဆောင်မှု ကောင်းကောင်းဖြင့် ကြိုဆိုနေကြသည့် နိုင်ငံတကာအဆင့်မီဟိုတယ်များက အစီအရီရှိသည်။ ဟိုတယ်များ၏အပြင်အဆင်၊ ဒီဇိုင်း ဆန်းသစ်မှုများကြောင့်လည်း လာရောက်သူတိုင်း နှစ်သက်သဘောကျကြသည်။ ကမ္ဘာလှည့်ခရီးသည်များကို နောက်တစ်ကြိမ်သာမက အကြိမ်ကြိမ် လာလည်ချင်အောင် ဆွဲဆောင်နေသည်က အမှန်ပင်ဖြစ်သည်။

ကမ္ဘာလှည့် ခရီးသည်များကိုသာမက ပြည်တွင်းခရီးသွားများကိုပါ ဆွဲဆောင်နိုင်စေသော ငပလီ သည်။ အရသာရှိသော ပင်လယ်စာများကို စားသောက်နိုင်သလို လာရောက်တည်းခိုသူများ အဆင်ပြေစေရန်လည်း ဝန်ဆောင်မှုကောင်းကောင်းဖြင့် ကြိုဆိုကြသည်။ Aureum Palace Resort မှ ငပလီကမ်းခြေ၏အလှကို တဝကြီး ခံစားနိုင်သလို နေဝင်ဆည်းဆာအလှကိုလည်း မျက်စိတစ်ဆုံး ကြည့်ရှုနိုင်သည်။ ပင်လယ်ကမ်းခြေနှင့်



### ကမ်းခြေအလှနှင့်အပြိုင်

**ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား ဆွဲဆောင်နိုင်ရန် ငပလီကမ်းခြေ၏အလှနှင့်အပြိုင် တည်ဆောက်ထားသည့် Aureum Palace Resort ။**

ကမ်းခြေဒေသရှိ Aureum Palace Resort ၏ အပြင်အဆင်က တစ်မျိုးဆန်းသည်။ တိုက်တာကြီးများကြားတွင် ကြီးပြင်းရှင်သန်လာသော ပြည်ပခရီးသွားများကို အတွေ့အထိ အသစ်အဆန်း ခံစားနိုင်အောင် ဟိုတယ်၏အပြင်အဆင်ကို သစ်လုံးသစ်ထည်များဖြင့် ထူးထူးခြားခြား ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ ထို့ပြင် ဟိုတယ် အဆောက်အအုံများနှင့် ဘန်ဂလိုလေးများကိုလည်း မြန်မာမှုလက်ရာများဖြင့် ပုံဖော်ထားခြင်းဖြစ်သည်။ Aureum Palace Resort တွင် အခန်း ၄၂ ခန်းရှိပြီး Sea View ၊ Garden View ၊ Executive Sweet သုံးမျိုးဖြင့် ဖွဲ့စည်း တည်ဆောက်ထားခြင်းဖြစ် လိုက်ဖက်ညီသည့် အုန်းပင်များရှိသလို ဟိုတယ်၏ ဖွဲ့စည်းမှုနှင့် အပြင်အဆင် ကောင်းမွန်မှုကြောင့်လည်း လာရောက်သူတိုင်း အပန်းဖြေစေသည်က အမှန်ပင်ဖြစ်သည်။ ငပလီပင်လယ်ကမ်းခြေသို့ ပွင့်လင်းရာသီဖြစ်သည့် နိုဝင်ဘာလမှ မတ်လအထိ ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည်။ လာရောက်လည်ပတ်သူများထဲတွင် ပြည်ပခရီးသွားများ ပိုများပြီး ဥရောပနိုင်ငံများမှ ပိုမိုများပြားသည်ဟု Aureum Palace Resort မှ သိရှိရသည်။ ငပလီကမ်းခြေ တစ်လျှောက်တွင် ဟိုတယ်ပေါင်း ၁၁လုံးရှိပြီး ငပလီကမ်းခြေတွင် ဟိုတယ်လုပ်ငန်းကို ၁၉၆၀ နောက်ပိုင်းကတည်းက စတင်လုပ်ကိုင်ခဲ့သည်ဟုသိရသည်။

ပြည်တွင်း၊ ပြည်ပမှ လာရောက်လည်ပတ်သူ ခရီးသွားများအနေဖြင့် ငပလီကမ်းခြေ၏ အလှအပကို ခံစားရင်း ဆင်စခန်း၊ ရက်ကန်းရုံ၊ ဘုရားသုံးဆူ၊ သံတွဲဈေး၊ တံငါရွာနှင့် နီးစပ်ရာ ကျွန်းများသို့ သွားရောက်လေ့လာနိုင်သလို အပျော်တမ်းရေငုပ် ရေကူးနိုင်သည်။ ထို့ပြင် နံတော်တောင်ပေါ်မှ ငှက်ပျံနေသည့်ပုံဖြစ်နေသည့် သံတွဲမြို့ကိုလည်း အပေါ်စီးမှ ကြည့်ရှုနိုင်ပေသည်။

မိုးရာသီကုန်လွန်၍ ဆောင်းရာသီသို့ ရောက်ရှိနေပြီဖြစ်ရာ မြန်မာနိုင်ငံ၏ ခရီးသွားရာသီလည်း စတင်နေပြီဖြစ်သည်။ အနားယူအပန်းဖြေစရာ၊ ဗဟုသုတ ရှာမှီးစရာ၊ လေ့လာစရာနေရာ ပေါများသော မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ် လာရောက်လျက်ရှိသည်။ ထင်ရှားကျော်ကြားသော ကမ်းခြေတစ်ခုဖြစ်ရုံသာမက ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အသိများလာသော ငပလီကမ်းခြေကလည်း ခရီးသွားများကို နွေးထွေးစွာ ကြိုဆိုဖိတ်ခေါ်ရင်း... ။



**ငပလီကမ်းခြေဒေသတွင် ငါး ခြောက်လုပ် ငန်း ကို ဤသို့ တွင်ကျယ်စွာ လုပ်ကိုင်နေစဉ်။**

## ဆေးတက္ကသိုလ် ပညာသင်ဆုများ ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၀၀၈-၂၀၀၉ ခု ပညာသင်နှစ်တွင် ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိပြီး ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်း မိသားစုက ပညာဒါနပြုသော "ရာဇာလင်း ဆေးတက္ကသိုလ် ပညာသင်ဆု" လျှောက်ထားကြသူများ အနက် ကျောင်းသား၊ ကျောင်းသူ ကိုးဦးအား ပညာသင်ဆုများ ချီးမြှင့်လိုက်ကြောင်း သိရှိရသည်။

"ရာဇာလင်း ဆေးတက္ကသိုလ် ပညာသင်ဆု" ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများမှာ မောင်စိုင်းလင်းထက် ဒုတိယနှစ်ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ မောင်ကျော်ဇောဟိန်း ပထမနှစ် ဆေးတက္ကသိုလ် မန္တလေး၊ မောင်အောင်ဇော်ထက် ပထမနှစ် ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မောင်အောင်မျိုးသွယ် ပထမနှစ် ဆေးတက္ကသိုလ် မကွေး၊ မခိုင်အိမွန် ပထမနှစ် ဆေးတက္ကသိုလ် မကွေး၊ မယုဝေဝေလွင် ပထမနှစ် ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မအဥ္ဇလီကိုကို ပထမနှစ် ဆေးတက္ကသိုလ် မကွေး၊မစောအိန္ဒြာ ပထမနှစ် ဆေးတက္ကသိုလ် မကွေးနှင့် မခင်မြတ်နိုးခိုင် ပထမနှစ် ဆေးတက္ကသိုလ် မကွေးတို့ ဖြစ်ကြသည်။

၂၀၀၈-၂၀၀၉ ခု ပညာသင်နှစ်အတွက် ပညာသင် ဆုငွေအဖြစ် တစ်လလျှင် ငွေကျပ်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်ပြီး ရာဇာလင်း မိသားစု၏ သတ်မှတ်ထားသည့် စည်းကမ်းအတိုင်း လိုက်နာနေထိုင်ပါက ဘွဲ့ရသည်အထိ နှစ်စဉ် ဆက်လက် ထောက်ပံ့သွားမည်ဖြစ်သည်။ ပညာသင်ဆု ရရှိသူများသည် မိမိတို့သက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ပညာသင်ယူနေကြောင်း အထောက်အထား စာရွက်စာတမ်းများဖြင့် ရာဇာလင်းမိသားစု အမှတ် (၅၀) ကန်ရိပ်သာ (၃)လမ်း Finger Lake, F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၈၂၆၃၂၊ ၆၈၇၆၁၇၊ ၀၉၅၁၃၁၂၆၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

### ✻ ပြည်တွင်းဖြစ်မှ

ခါတ်ဆီအင်ဂျင်ဖြင့် မောင်းနှင်မည်ဆိုလျှင်လည်း ဆီစားသက်သာစေရန် တည်ဆောက်ထားကြောင်း ကြေညာချက်တွင် ဆက်လက်ရေးသားထားသည်။

ကားတွင် အသုံးပြုသည့် ဘက်ထရီအိုးကို ပုံမှန်လျှပ်စစ်အားသွင်းနိုင်သည့် နေရာတစ်နေရာတွင် အားသွင်းပါက ကိုးနာရီအတွင်း အားပြည့်မည်ဖြစ်ကြောင်း ဘီဝိုင်ဒီကုမ္ပဏီ၏ ဘက်ထရီအားသွင်းစခန်းများတွင်မူ အချိန်တိုအတွင်း ပြန်လည်အားသွင်းနိုင်ကြောင်း သိရသည်။

လျှပ်စစ်ကား တစ်စီးအတွက် ရောင်းဈေးမှာ ယွမ် ၁၄၉၈၀၀ (ဒေါ်လာ ၂၂၀၀၀)ဖြစ်သည်။

တရုတ်နိုင်ငံ ရှင်ကျင့်မြို့ အခြေစိုက် ဘီဝိုင်ဒီကုမ္ပဏီသည် ယခင်က ပြန်လည်အားသွင်းနိုင်သော ဘက်ထရီများကို ထုတ်လုပ်ခဲ့သည်။

တရုတ်နိုင်ငံတွင် အစိုးရက သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသည့် စွမ်းအင်နည်းပညာရပ်များအား အသုံးချရန် အားပေးနေချိန်တွင်ဘီဝိုင်ဒီကုမ္ပဏီက လျှပ်စစ်ကား ထုတ်လုပ် ရောင်းချခြင်းဖြစ်သည်။

ဘီဝိုင်ဒီကုမ္ပဏီသည် ၎င်း၏ကားများကို အမေရိကန်ဈေးကွက်အထိ ရောင်းချနိုင်ရေးအတွက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် ကြိုးပမ်းသွားမည်ဟု ဆိုသည်။

***အင်တာနက်။***

**တရုတ်နိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းဖြစ် လျှပ်စစ်ကားကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*







# တွံတေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝန်ကြီး ဦးစိုးသာ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၈

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ဒီဇင်ဘာ ၁၅ ရက်တွင် တွံတေးမြို့ မြောက်ဘက်ခြမ်းဒေသရှိ ပဒါန်ရေကျော်ကျေးရွာနှင့် ခတ္တိယကျေးရွာတို့သို့ ဆက်သွယ်သည့် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

ထို့နောက် ဝန်ကြီးသည် ပဒါန်ရေကျော်၊ ခနောင်ထိန်တပင်၊ အဒွန်း၊ ကလီထော်၊ ရေကျော်၊ ကျွဲတရုတ်၊ အာကလ၊ တံခွန်တိုင်၊ ကြည်တန်း၊ ခလောက်ချိုက်၊ တံမန်ကြီး၊ ရေတွင်းကုန်း၊ အဘေစာဖြူစု ကျေးရွာများ၌ အများသုံးတယ်လီဖုန်း အသုံးပြုနိုင်ရေးကို ဆွေးနွေးညှိနှိုင်း စီစဉ်ပေးပြီး တွံတေးမြို့ ပျော်ဘွယ်လေးကျေးရွာ၌ ပျော်ဘွယ်လေး၊ လက်ပံကုန်း၊ ရန်ကုန်ပေါက်၊ ပိတ်ဆွယ်၊ ဘုရားငုတ်တိုနှင့် လက်ပံခွ ကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များက ၎င်းတို့ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်မီးလင်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးသည် ခလုတ်ကျေးရွာ၌ ခလုတ်၊ ကဒုံ၊ ရန်ကုန်ပါဒ၊ ဝက်ချောင်း၊ ပြသတိုက်၊ တံခွန်တိုင်၊ တန်းလျားလေးကျေးရွာများမှ ပြည်သူများအားလည်းကောင်း၊ ရှမ်းစုကြီးကျေးရွာ၌ ကျေးရွာပြည်သူများအားလည်းကောင်း တွေ့ဆုံသည်။

ဝန်ကြီးဦးစိုးသာသည် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် တွံတေးမြို့နယ် အတွင်းရေကျော် ကျေးရွာ အုပ်စု၊ ဆုကလပ်ရေကျော်ကျေးရွာ ကျေးလက်ဆေးပေးခန်း ပြန်လည်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှု၍ အတွင်းရေကျော်ကျေးရွာ၌ ကျုံလမု၊ ကဒုံ၊ ပြသတိုက်၊ အတွင်းရေကျော်၊ အပြင်ရေကျော် ကျေးရွာတို့မှ ပြည်သူများနှင့် တွေ့ဆုံပြီး တွံတေးမြို့နယ် ကရင်ချောင်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းခန်းမ၌ ဂယက်လမီး၊ ကြံချပ်၊ ကဘင်ကြီး၊ ကရင်ချောင်း ကျေးရွာတို့မှ ပြည်သူများနှင့် တွေ့ဆုံကာ တွံတေးဝကျေးရွာရှိ တိုးမြစ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းကိုလည်းကောင်း၊ တွံတေးမြို့အိုးဘိုရပ်ကွက်ရှိ အိုးလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရခိုင်သဟာယအသင်း(ရန်ကုန်) အပန်းဖြေခရီးထွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ အပန်းဖြေခရီးစဉ်ကို ဒီဇင်ဘာ ၂၆ ရက် (သောကြာနေ့) ညတွင် ထွက်ခွာ၍ ဒီဇင်ဘာ ၂၉ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ရာ လိုက်ပါလိုသူများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးကျော်ရင် ဖုန်း-၀၉-၅၁-၂၆၄၈၉၊ ဦးမျိုးဆွေ ဖုန်း-၀၉-၈၇-၂၁၇၂၆ (ဟိုင်းကြီး)၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၈၅-၀၁၆၈၆ (ဟိုင်းကြီး)၊ ဦးဘိုတင် ဖုန်း-၀၉-၅၀-၀၆၉၂၆၊ ဦးထွန်းနိုင် ဖုန်း-၀၉-၅၀-၁၃၈၈၇၊ ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁-၃၉၇၉၀၊ ဦးကျော်နိုင် ဖုန်း-၀၉-၅၀-၀၁၉၆၄၊ ဦးမြင့်ကျော် ဖုန်း-၀၉-၅၀-၆၄၆၅၃၊ ဒေါက်တာမြနှင်းအေး ဖုန်း-၀၉-၅၀-၂၁၄၃၂၊ ဒေါ်စန်းစန်းအေး ဖုန်း-၀၉-၅၀၅၈၁၃၆၊ ဒီဒီးစားသောက်ဆိုင် ဖုန်း-၅၁၀၈၉၈၊ ဆွေဒီစားသောက်ဆိုင် (တာမွေရဲစခန်းရှေ့)၊ မင်းလမ်း ရခိုင်မုန့်တီနှင့် ပင်းလယ်စာဆိုင်များ ဖုန်း-၀၉-၅၀-၂၅၁၁၀၊ ရခိုင်သဟာယအသင်းရုံးခန်း-၁၁၅၊ (ပ)ထပ်၊ သမိန်ဗရမ်းလမ်း၊ တာမွေတို့၌ လက်မှတ်များ ဝယ်ယူစုံစမ်းနိုင်ကြောင်း၊ ဒီဇင်ဘာ ၂၆ ရက် (သောကြာနေ့) ည ၇ နာရီတွင် စုရပ်ဖြစ်သည့် ရခိုင်ပြည်နယ်ဓမ္မာရုံ ဖုန်း-၃၇၅၇၂၈ သို့ အရောက်လာကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# Concordia International Co., Ltd. နှင့် Fortune International Ltd. တို့ ပူးပေါင်း၍ ဒီဇင်ဘာအထူးဈေးရောင်းပွဲတော် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

Concordia International Co., Ltd. **နှင့်** Fortune International Ltd. **တို့ ပူးပေါင်းကျင်းပသော ဒီဇင်ဘာအထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့** Central Hotel **၌ ကျင်းပသည်။** (ယာပုံ)

အဆိုပါ ဈေးရောင်းပွဲတော်တွင် Concordia International Co., Ltd.မှ မြန်မာနိုင်ငံနှင့် အသင့်တော်ဆုံးဖြစ်သည့် Fuji Xerox အမှတ်တံဆိပ် နောက်ဆုံးပေါ် ဘက်စုံသုံး မိတ္တူကူးစက်များ၊ ကာလာအဖြူအမည်း မိတ္တူကူးစက်များ၊ ကာလာအဖြူ အမည်း လေဆာပရင်တာများ၊ မြန်နှုန်းမြင့် A3 Color Scanner များ၊ Projector များ၊ Electronic Copy Board များ၊ နည်းပညာမြင့် သတင်းအချက်အလက်ဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ မျက်စိကုသမှုနှင့်ဆိုင်သော အထောက်အကူပြုပစ္စည်းများ၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဒစ်ဂျစ်တယ်သွေးပေါင်ချိန်စက်များ၊ ဆီးချို၊ သွေးချိုတိုင်း ကိရိယာများ၊ ရှေးဦးသူနာပြု First Aid Kit များ၊ Complan အင်အားဖြည့် အာဟာရမှုန့်များ၊ Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် ဆောက်လုပ်ရေး လုပ်ငန်းသုံး မြေတိုင်းပစ္စည်းများဖြစ်သော Digital Theodolite များ၊ Auto Level များ၊ Laser Level များ၊ Geodetic Total Station များ၊ Differential GPS များ၊ Garmin အမှတ်တံဆိပ် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသုံး GPS များ၊ Ohaus အမှတ်တံဆိပ် ဓာတ်ခွဲခန်းသုံး၊ အအေးခန်းသုံး၊ ရွှေချိန်သုံး၊ ဒစ်ဂျစ်တယ်ချိန်ခွင်များ စသည်တို့ကို ခင်းကျင်းပြသထားသည်။

Fortune International Ltd. မှ ပြသထားသည့် ပစ္စည်းများမှာ ကိုရီးယားနိုင်ငံမှထုတ်သော SIGMA အမှတ်တံဆိပ် ဓာတ်လှေကား၊ စက်လှေကားများ၊ ဆေးနှင့် ဆေးပစ္စည်းများဖြစ်သော အသည်းဆေး၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး (Livovax-B)၊ သွေးချိန်တိုင်းစက်၊ ပလာစတာများ၊ ဓာတ်မှန်သုံးပစ္စည်း၊ ကျောက်ပတ်တီးများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံး ပစ္စည်းများဖြစ်သော (CDMA 450 Hand-Sets ၊ GSM Access Kit) များ၊ မွေးမြူရေးဆေးဝါးနှင့် အစာ



အစာများ၊ ပိုးသတ်ဆေးများနှင့် မြန်မာဘာသာပြန်ဖြင့် အသုံးပြုနိုင်သည့် ရေလုပ်ငန်းသုံး ကိုရီးယားနိုင်ငံမှ Samyung Nayigation & Communication ပစ္စည်းများဖြစ်သည်။

Concordia International Co., Ltd. နှင့် Fortune International Ltd. တို့မှ တင်သွင်းရောင်းချသော ပစ္စည်းများအားလုံးအတွက် အာမခံတစ်နှစ်ပေးထားပြီး စက်တစ်စုံတစ်ရာ ချွတ်ယွင်းသွားပါကပြန်လည် ပြင်ဆင်ပေးနိုင်ရန်အတွက် ရုံးခွဲများနှင့် Service Center များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့၌ ဖွင့်လှစ်ထားရှိသည်။

Concordia International Co., Ltd. ကို ဆက်သွယ်လိုပါက ရန်ကုန်မြို့၌ ဖုန်း- ၅၄၄၁၉၉၊ ၅၄၄၈၂၄၊ ၅၅၆၀၇၆ ၊ မန္တလေးမြို့၌ ဖုန်း-၀၂-၃၆၄၇၈၊ ၀၉၅၀၆၇၁၇၂၊ ၀၉ ၅၀၆၂၅၉၇နှင့် နေပြည်တော်၌ ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၀၆၇-၄၂၁၃၆၂ တို့ကို လည်းကောင်း၊ Fortune Internationalကို ဆက်သွယ်လိုပါက ရန်ကုန်မြို့ ဖုန်း-၂၁၁၃၅၂၊ ၂၁၁၃၅၃၊ ၂၁၁၃၅၄၊ မန္တလေးမြို့၌ ဖုန်း-၀၂-၃၉၆၃၁၊၃၉၆၃၂၊နေပြည်တော်၌ ဖုန်း-၀၆၇-၄၂၁၁၈၃၊ ၄၂၁၁၈၅၊ ၄၂၁၁၈၆ တို့ကိုလည်းကောင်း အသီးသီး ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၉-၁၂-၂၀၀၈ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၁၅ ၄။ မဟာဂီတ ချိုကြည်မြ
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၄၀ ၇။ မြန်မာစာ မြန်မာစကား
- ၅း၀၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး အပိုင်း(၁၄)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ ရှင်သန်နေသောသီချင်းများ (Living Songs)
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံ လင်ရုပ်မြင် ဇာတ်လမ်း -ငါးကလေး အပိုင်း(၁၇)
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ ။

# ပုဏ္ဏားကျွန်းမြို့နယ်အသင်း(ရန်ကုန်) ဒေသန္တရခရီးထွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၀၀၀ပြည့်နှစ် ရခိုင်ခရီးစဉ်မှစ၍ နှစ်စဉ်(အစဉ်အလာမပျက်)ဒေသန္တရ ဗဟုသုတနှင့်မိတ်ဆုံပွဲကို ယခုနှစ် နဝမအကြိမ်မြောက် မန္တလေး-စစ်ကိုင်း-မုံရွာသို့ ခရီးစဉ်များကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီ ထွက်ခွာမည်ဖြစ်ပါ၍ လိုက်ပါလိုသူများအနေဖြင့် ဦးရွှေကျော် ဖုန်း- ၀၉၅၀၅၉၅၄၂၊ ဦးသန်းထွန်း ဖုန်း-၀၉၅၀၅၂၈၂၄၊ ဦးခင်မောင်ရွှေ ဖုန်း-၀၉၅၁၇၃၄၄၂၊ ဒေါ်ညွန့်စိန် ဖုန်း - ၀၉၅၁၂၀၃၂၈ တို့သို့ ဒီဇင်ဘာ ၂၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



## ကွင်းဆင်းစစ်ဆေး

**ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ မြစ်ကြီးနားလေဆိပ်သွားလမ်းပေါ်ရှိ တြိဂံလမ်းထောင့်တွင် မြေယာရှုခင်း အလှဆင်ထားရှိမှုကို နိုဝင်ဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။**

(ပြည်နယ်စည်ပင်)



အဲပုဂံလီမိတက် ပျံသန်းရေးဌာန အပတ်စဉ် (၃) မှ လေယာဉ်မောင်/မယ်များက မမြတ်ပွင့်ဖြူအောင်အား ကူညီထောက်ပံ့ကြေးပေးအပ်စဉ်။ (အဲပုဂံ)

## အဲပုဂံလီမိတက် ပျံသန်းရေးဌာန အပတ်စဉ်(၃) လေယာဉ်မောင်/မယ်များက ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ဆားလင်းကြီးမြို့နယ် အ. ထ. က မှ ဦးအောင်မင်း၏ သမီးဖြစ်သူ မမြတ်ပွင့်ဖြူအောင်သည် တက္ကသိုလ်၌ ပညာဆက်လက်သင်ကြားရေးအတွက် အဲပုဂံလီမိတက် ပျံသန်းရေးရာဌာန အပတ်စဉ်(၃)မှ လေယာဉ် မောင်/မယ်များက ၎င်းတို့၏ (၃)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မမြတ်ပွင့်ဖြူအောင် အား တက္ကသိုလ်ပညာပြီးဆုံးသည်အထိ ပညာသင်ထောက်ပံ့ကြေးငွေ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လူငယ်ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူငယ်ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းက ကျိုက္ကဆံ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။ အသက်(၁၆)နှစ်အောက် အမျိုးသားဗိုလ်လုပွဲတွင် ILBC အသင်းက Venon အသင်းကို ၆၃-၂၃မှတ်၊ အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်အသင်းက DBE(3) အသင်းကို ၅၇-၃၉မှတ်၊ အသက်(၁၃)နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ILBC အသင်းက DBE(3) အသင်းကို ၅၆-၅၃မှတ်၊ အမျိုးသမီးပြိုင်ပွဲတွင် မိုးကုတ်အသင်းက DBE(3) အသင်းကို ၇၉-၂၂မှတ်ဖြင့် အသီးသီးအနိုင်ရ ဗိုလ်စွဲသွားကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ရွှေသံလွင်ကုမ္ပဏီ နာယက ဒေါ်နီက အသက် (၁၃)နှစ်အောက် အမျိုးသမီးပြိုင်ပွဲ ပထမဆုရ မိုးကုတ်အသင်း၊ ဒုတိယဆုရ DBE(3) အသင်း၊ တတိယဆုရ ရှမ်း/တောင်အသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အမှုဆောင် ဒေါက်တာကျော်ဆန်းက အမျိုးသားပြိုင်ပွဲ ပထမဆုရ ILBC အသင်း၊ ဒုတိယဆုရ DBE(3) အသင်း၊ တတိယဆုရ အထက(၃) ဘားအံအသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက အသက် (၁၆) နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ DBE(3) အသင်း၊ တတိယဆုရ ဆိတ်ဖူးတောင်အသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အမျိုးသားပြိုင်ပွဲ ပထမဆုရ ILBC အသင်း၊ ဒုတိယဆုရ Venon အသင်း၊ တတိယဆုရ DBE(3) အသင်းတို့အား လည်းကောင်း ငွေသားနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်းက အကောင်းဆုံးအားကစားသမားဆု ရရှိကြသော ယူ-၁၆ အမျိုးသား ရန်မင်းသိန်း ILBC၊ အမျိုးသမီး အိမွန်ကျော်(ရန်ကုန်)၊ ယူ-၁၃ အမျိုးသား ခန့်ဇော်ရှိန်း ILBC၊ အမျိုးသမီး အေးမြတ်သန္တာထွန်း(မိုးကုတ်)တို့အား လည်းကောင်း၊ ပထမဆုရရှိကြသော ယူ-၁၃ အမျိုးသမီးပြိုင်ပွဲ၌ မိုးကုတ်အသင်း၊ အမျိုးသားပြိုင်ပွဲ၌ ILBC အသင်း၊ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ၌ ရန်ကုန်တိုင်း၊ အမျိုးသားပြိုင်ပွဲ၌ ILBC အသင်းတို့အား တံခွန်စိုက်ဆုဖလားများပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

## မြန်မာနိုင်ငံအရှေ့ပိုင်းတွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်

ရန်ကုန် ဒီဇင်ဘာ ၁၈

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၁)ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**ဒီဇင်ဘာ ၁၉ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | |
|---|---|
| **အမြင့်ဆုံးအပူချိန်** | |
| ၃၂ ဒသမ ဝ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) | ၁၇-၁၂-၂၀၀၈ |
| **အနိမ့်ဆုံးအပူချိန်** | |
| ၁၆ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၆၁ ဒီဂရီဖာရင်ဟိုက်) | ၁၈-၁၂-၂၀၀၈ |
| ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၄ ရာခိုင်နှုန်း | ၁၈-၁၂-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၇ ဒသမ ၇ နာရီခန့် | ၁၇-၁၂-၂၀၀၈ |




## TheLive News ဂျာနယ်အမှတ်(၁၁၁)ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ယခုတစ်ပတ်ထုတ် TheLive News ဂျာနယ်အမှတ်(၁၁၁)တွင် မြင်းမူမောင်နိုင်မိုး၏ အမျက်ကြီးသူ၊ ပညာရှိနှင့်လူမိုက်၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၃)၊ ကိုကိုလှိုင်၏ အိန္ဒိယ-ပါကစ္စတန်ဆက်ဆံရေးနှင့် အကြမ်းဖက်ဝါဒအန္တရာယ်၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့သမိုင်းထဲက သယ်ယူပို့ဆောင်ရေးယာဉ်များသမိုင်းကြောင်း (၃)၊ (Electric Tram နဲ့ Trolley Bus)၊ နီငြိမ်း (အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည်ဂျပန်ပြည် အပိုင်း(၅)၊ အောင်လျှမ်းဝေ လွမ်းငွေ့ မပြေချယ်ရီမြေ (၁၄)၊ အာရှမိုး၏ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းရဲ့ ဗြိတိန် ငွေကြေးအကျပ်အတည်းကယ်တင်ခန်း သို့မဟုတ်ကြိုပွိုင့်မဲဝယ်နည်း၊ မိုး(ပျဉ်းမနား)၏ စာပေစကား နေ့တိုင်းကြားသော်၊ ကိုကျော်(YU)၏ ခရစ္စမတ်ရဲ့နောက်ကွယ်မှာ၊ ဆိုမာလီ ပင်လယ်ဓားပြများကို အမေရိကန်က ကုန်းကြောင်းနှင့်လေကြောင်းမှ တိုက်ခိုက်ရန်ကြံစည်၊ အိုဘားမားရဲ့ အထက်လွှတ်တော်အမတ်နေရာကို ရောင်းစားဖို့ ကြိုးပမ်းခဲ့တဲ့ အီလီနွိုက်စ်ပြည်နယ်အုပ်ချုပ်ရေးမှူး၊ တရုတ်ပြည်မကြီးက ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့သို့ အမေရိကန်ဒေါ်လာဘီလီယံ ၂၀ ထည့်ဝင်ရန် သဘောတူကတိပေး၊ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးအထူးကောင်းမွန်လိုသည့် ပြင်သစ်သမ္မတကြီး ဆာကိုဇီ၊ ပဲရစ်မြို့လယ်က ကမ္ဘာ့တန်ဖိုးအများဆုံး ကျောက်မျက်ရတနာ ဓားပြတိုက်မှုကြီး၊ ပထမဆုံးဝတ္ထု အရုပ်ထင်လာတာကို ကျေနပ်ပါတယ်ဆိုတဲ့ စိုင်းစိုင်းခမ်းလှိုင်၊ ပင်လယ်ပျော်မင်းသားအပိုင်း(၅၇၊၅၈) စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

TheLive News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့်ဖတ်ရှုလိုသူများ ၃လ-၁၃စောင်-၅၈၅ဝိ/-၊၆လ-၂၆စောင်-၁၁၇၀ဝိ/နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်(၁၁၀)၊ အခန်း(၀၀၄)ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ်(၅၅) ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)



## ဆမ်အလာဒိုက်အား ဘလက်ဘန်းနည်းပြခန့်

**လန်ဒန် ဒီဇင်ဘာ ၁၈**

ဘလက်ဘန်းအသင်း ဥက္ကဋ္ဌ ဂျွန်ဝီလီယမ်နှင့် ဘုတ်အဖွဲ့ တာဝန်ရှိသူများ၏ သဘောတူညီရွေးချယ်ချက်အရ နည်းပြပေါလ်အင့်စ်အား ထုတ်ပယ်လိုက်ပြီးနောက် တစ်ရက်အကြာတွင် ဆမ်အလာဒိုက်အား နည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။ ဘလက်ဘန်းနည်းပြဖြစ်လာသည့် ဆမ်သည် အသက် (၅၄) နှစ်ရှိကာ ယခင်က နယူးကာဆယ်နှင့် ဘော်လ်တန် အသင်းများအား ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။ ဘလက်ဘန်းနှင့်သုံးနှစ်စာချုပ် ချုပ်ဆိုလိုက်သည့် ဆမ်သည် ယခင်ဘော်လ်တန်အသင်းအား ကိုင်တွယ်ခဲ့စဉ်က အောင်မြင်မှု အတော်အသင့် ရရှိခဲ့သူဖြစ်သည်။

ဘလက်ဘန်း တာဝန်ရှိသူများကလည်း ပွဲစဉ်(၁၇)အပြီးတွင် ရမှတ်(၁၃)မှတ်သာရရှိကာ အဆင့် (၁၉)သို့ ရောက်ရှိနေသည့် မိမိတို့အသင်းအား တန်းဆင်းဇုန်မှလွတ်အောင် နည်းပြသစ် ဆမ်က ကယ်တင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။ ဆမ်သည် ဘလက်ဘန်းနည်းပြရာထူးကိုလက်ခံခဲ့ပြီးနောက်တွင် နေးလ်မက်ဒိုနယ်



ဘလက်ဘန်းအသင်းနည်းပြသစ်ဖြစ်လာသည့် ဆမ်အလာဒိုက်။

အား ၎င်း၏လက်ထောက်နည်းပြအဖြစ် ခန့်အပ်လိုက်သည်။

**ဆမ်အားမာ့ခ်ဟုချ်ထောက်ခံ**

မန်စီးတီးမန်နေဂျာ မာ့ခ်ဟုချ်က ဆမ်သည် ဘလက်ဘန်းအသင်း ယခင်ကြုံတွေ့နေရသည့် အခက်အခဲ အကျပ်အတည်းများကြားမှ ကယ်တင် ဆွဲယူပေးနိုင်မည့်သူ တစ်ဦးဖြစ်လာမည်ဟု ထောက်ခံပြောဆိုထားသည်။ ၎င်းက ဆက်လက်၍ ဆမ်သည် အင်္ဂလိပ်ပရီမီယာလိဂ်တွင် အတွေ့အကြုံရင့်ကျက်သည့် နည်းပြတစ်ဦးဖြစ်ကြောင်း၊ ယခင်ကိုင်တွယ်ခဲ့သည့် (နယူးကာဆယ်၊ ဘော်လ်တန်)အသင်းများကဲ့သို့ပင် အောင်မြင်မှုများ ရရှိနိုင်ကြောင်း၊ သူတို့ဟာ ဆမ်အား လွတ်လပ်စွာ လုပ်ကိုင်ခွင့် ပေးရမည်ဖြစ်ကြောင်း၊ ဆမ်ဟာ ပုဂ္ဂိုလ်ရေးပိုင်းမှာ ကောင်းကောင်း ထိန်းကျောင်းကိုင်တွယ်ပေးနိုင်ကြောင်း၊ သူဟာ အသင်းအောင်မြင်မှု ရရှိအောင် အမြန်ဆုံး အကောင်အထည်ဖော် ကြိုးစားဆောင်ရွက်ပေးသွားမည့်သူတစ်ဦး ဖြစ်ကြောင်း ထပ်မံပြောကြား ထောက်ခံလိုက်သည်။

*အင်တာနက်။*

**ဝင်းတင်(ကြေးမုံ)**

## ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ခုနှစ် ပဥ္စမအကြိမ်မြောက် ခြင်းလုံးရုံပေါင်းစုံနှင့် ကလပ်အသင်းပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမျိုးမြင့်က တတိယဆုရရှိသော ရွှေတိုင် (ကြည့်မြင်တိုင်)အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ချီးမြှင့်သည်။ **(အပေါ်ယာပုံ)** မြန်မာနိုင်ငံခြင်းလုံး အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးစိုးတင့်က ဒုတိယဆုရရှိသော မရိုးမရင်း (ကက-ရေ)အသင်းအား တစ်ဦးချင်းဆုနှင့်ငွေသားဆုကို လည်းကောင်း၊ ပထမဆုရရှိသော ရွှေမြန်မာ



(ကက-လေ)အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အသင်းလိုက်ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများကို ချီးမြှင့်ပေးသည်။

အမှတ်(၃) အခြေခံပညာဦးစီးဌာန ကျောင်းပေါင်းစုံ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ရက်မှ ၂၃ရက်ထိ အထက(၁)ကြည့်မြင် တိုင်ကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (အဖွဲ့ချုပ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## ယနေ့ ကြေးမုံ ဆောင်းပါးအညွှန်း

"ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းဖြစ်စေ၊ ကမ္ဘာ့စီးပွားရေး ဆုတ်ယုတ်မှု ပြဿနာဖြစ်စေ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေအတွက် အထူးတလည် စိုးရိမ်ပူပန်ကြောင့်ကြနေဖို့ မလိုအပ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံအပေါ်လည်း များများစားစား ထိခိုက်ဖို့ မရှိနိုင်ပါဘူး။ ဆန့်ကျင်ဘက် မီဒီယာတွေက ပြောနေသလို စပါးဈေး၊ ပဲဈေးတွေ ကျ၊ ကားဈေးတွေ ကျ၊ မြေဈေး အိမ်ဈေးတွေ ကျ ပြည်သူတွေ စီးပွားပျက်ပြီး ဒုက္ခရောက်နေရပါပြီ ဆိုတဲ့ ခြောက်လုံး၊ လှန့်လုံးတွေကိုလည်း နားမယောင်စေချင်ပါဘူး..."

**ကျော်ရဲမင်း၏ (ဆောင်းပါး)** **စာမျက်နှာ-၆၊၇**

## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညှိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီးစပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန် ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံး စပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါး ပမာဏ သည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေ ပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါ ရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



ငပလီကမ်းခြေတွင် တည်ရှိသည့် Aureum Palace Resort အား ကမ်းခြေ၏အလှနှင့် ယှဉ်တွဲ၍ တွေ့ရစဉ်။

# ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး၊ ဒေသထွက်ကုန် အောင်မြင်သည့် ငပလီ

သတင်းဆောင်းပါး - အိဝါ၊ ဓာတ်ပုံ - စိုးညွန့်(ကြေးမုံ)

**ငပလီကမ်းခြေသည် ရခိုင်ပြည်နယ် သံတွဲမြို့တွင် တည်ရှိသော သာယာလှပသည့် ကမ်းခြေတစ်ခုဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့သော ပင်လယ်ကမ်းခြေဖြစ်သောကြောင့် မသိသူရှားသလို ပြည်တွင်းသာမက ပြည်ပမှာပါ ကျော်ကြားလျက်ရှိသည်။ သဲသောင်ပြင်က ဖြူဖွေးသန့်ရှင်းသလို ရေပြင်ကလည်း ကြည်လင်လှသည်။ လှိုင်းကလေးများ၏ကမ်းခြေသို့ ရိုက်ပုတ်မှုကလည်း မပြင်းထန် ငြိမ့်ညောင်းလှသည်။ ထို့ကြောင့်ပင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အမြဲမပြတ် လာရောက်အပန်းဖြေကြသော ကမ်းခြေဖြစ်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ကလည်း လာရောက်သူတို့ကို အမှန်တကယ်ပင် အပန်းဖြေစေရာ ကမ်းခြေများထဲတွင် ငပလီက လှပပြီး ဆွဲဆောင်မှုရှိသော ကမ်းခြေတစ်ခုဟု ဆိုကြခြင်းဖြစ်နိုင်ပေသည်။**

ငပလီကမ်းခြေမှာ ထူးခြားသော မြင်ကွင်းများ ပိုင်ဆိုင်ထားသည့် နေရာဟု ဆိုရမည်ဖြစ်သည်။ ရှေ့ကို တစ်မျှော်တစ်ခေါ် လှမ်းကြည့်လိုက်လျှင် မျက်စိတစ်ဆုံးတွေ့မြင်ရသည့် ပင်လယ်ပြင်ကျယ်ကြီးကို မြင်တွေ့ရမည်ဖြစ်သလို သစ်ပင်ပန်းမန် စိမ်းစိုစိုတို့ကလည်း ကမ်းခြေ၏အလှကို အရောင်တင်ပေးနေသည့်အလား တွေ့မြင်နိုင်သည်။ တောင်စွယ်တောင်တန်းများ၊ ကျွန်းစု၊ ကျွန်းငယ်လေးများရှိသလို အသက်မွေးဝမ်းကျောင်းဖြစ်သော ရေလုပ်ငန်းကို ပင်လယ်ပြင်တွင် လုပ်ကိုင်နေကြသော လှေငယ်များကိုလည်း မြင်တွေ့ရသည်။

ငပလီကမ်းခြေ၏အလှကို ကမ်းခြေရောက်မှ ခံစားနိုင်သည်မဟုတ်၊ ကမ်းခြေသို့မရောက်မီ ဝေဟင်မှပင် ကြိုတင်ခံစားနိုင်သည်။ ငပလီကမ်းခြေသို့ လာရောက်သော လေယာဉ်များသည် ပင်လယ်ကြီးပေါ်မှ ဖြတ်သန်းပြီး ပင်လယ်ပြင်နှင့် မနီးမဝေးတွင် ဆောက်လုပ်ထားသော သံတွဲလေဆိပ်ကို ဆိုက်ရောက်ကြရာ ယင်းကဲ့သို့ ကြိုတင်မြင်တွေ့ ခံစားနိုင်ခြင်းဖြစ်သည်။ "ပြောမယုံ၊ ကြုံဖူးမှသိ"ဆိုသလို မိမိတို့ သတင်းအဖွဲ့လည်း ငပလီကမ်းခြေ၏အလှကို Air Bagan လေယာဉ်ပေါ်မှ ခံစားမိရင်း အရှိန်အဟုန်ဖြင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

## ကြေးမုံ အင်တာနက်နည်းပညာသတင်း

# ပြည်တွင်းဖြစ် လျှပ်စစ်ကား တရုတ်နိုင်ငံ၌ ဈေးကွက်တင်

ဘာသာပြန် - ရေမောင်

**ပေကျင်း ဒီဇင်ဘာ ၁၈**

တရုတ်နိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းဖြစ် လျှပ်စစ်ကားကို ဈေးကွက်တွင် စတင်ရောင်းချပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘက်ထရီထုတ်လုပ်သောကုမ္ပဏီမှ ကားထုတ်လုပ်ရေးကုမ္ပဏီအဖြစ်သို့ ကူးပြောင်းလာသည့် ဘီဝိုင်ဒီအမည်ရှိ ကုမ္ပဏီသည် လျှပ်စစ်ဖြင့်သော်လည်းကောင်း၊ ဓာတ်ဆီဖြင့်သော်လည်းကောင်း ပြောင်းလဲမောင်းနှင်နိုင်သော ကားအမျိုးအစားသစ်ကို ရောင်းချပေးလျက်ရှိကြောင်း ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြသည်။

စွမ်းအင်နှစ်မျိုး အသုံးပြုနိုင်သည့် ယင်းကားသည် လျှပ်စစ်အင်ဂျင်ဖြင့် မောင်းနှင်ပါက ဓာတ်အားတစ်ကြိမ် ဖြည့်ထားလျှင် ၆၂ မိုင်အထိ ခရီးနှင်နိုင်ကြောင်း၊ **စာမျက်နှာ ၉ ကော်လံ ၇ သို့** ✳

## ယနေ့ ကြေးမုံ နိုင်ငံတကာ သတင်းအညွှန်း

ဆိုမာလီ ပင်လယ်ဓားပြများ နှိမ်နင်းရန် တရုတ် ရေတပ်သင်္ဘောများ စေလွှတ်မည်။

စာမျက်နှာ ၄



ဆမ်အလာဒိုက်အား ဘလက်ဘန်း နည်းပြခန့်အပ်။

စာမျက်နှာ ၁၁

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်